# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 1 June 2025 ၁၁၈၃၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## လှိုင်သာယာမြို့နယ် ရေစီးရေလာကောင်းမွန်စေရေး မြို့ပြအင်ဂျင်နီယာဘွဲ့တန်းတက်ရောက်နေသော နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများကိုအဖွဲ့များခွဲ၍ အပိုင်းအလိုက်သုတေသနပြုအဖြေရှာ ဆောင်ရွက်

နေပြည်တော် မေ ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမပေါ်ရှိ ဘုရင့်နောင်တံတားအဆင်းအနီး ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်းထိပ်သို့ ရောက်ရှိပြီး လူသွားစင်္ကြံအသစ် ခင်းကျင်းဆောင်ရွက်ထားရှိမှုနှင့် လမ်းဘေးဝဲ/ယာ၌ ရေနုတ်မြောင်းအဆင့်မြှင့်တင်ထားရှိမှုတို့ကို စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ ဖတ်စရာ**

ဇွန် ၁ ရက်မှ ၃၀ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်

စာမျက်နှာ » ၅

၂၀၂၅ နိုင်ငံတကာ အကူအညီစစ်တမ်း

ဆောင်းပါး

စာမျက်နှာ » ၆

မုတ်သုံလေ အားကောင်းနေခြင်းကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

စာမျက်နှာ » ၁၁

ကြေးမုံ

# အခက်အခဲအမျိုးမျိုးကျရောက်ချိန်တွင် စိတ်ဓာတ်ကြံ့ခိုင် ရင်ဆိုင်ကျော်လွှား

မကြာသေးမီက မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် သေဆုံးသူ ၃၇၄၀၊ ထိခိုက်ဒဏ်ရာရသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးနေသူ ၆၇ ဦးရှိသည်။ တွက်ချက်မှုများအရ ငွေကျပ် ၃၆၂၉ ဒသမ ၂၀၈ ဘီလီယံ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများမှာ ကြီးမားလှသည်။ ပျက်စီးဆုံးရှုံးမှုကြီးမားသည့်အတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပမှ အကူအညီများရရှိရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ချက်ချင်းအလျင်အမြန်ဆောင်ရွက်ပေးခဲ့သည်။

ထို့ကြောင့် ငလျင်လှုပ်ခတ်ပြီးနောက် ချက်ချင်းဆိုသလိုပင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်း တန်ချိန် ၃၁၀၉ ဒသမ ၃၁၇ ရရှိခဲ့ပြီး ပြည်ပမှ ကယ်ဆယ်ရေး ဝန်ထမ်းပေါင်း ၁၀၇၀၊ ကျန်းမာရေးစောင့်ရှောက်မှုပညာရှင်များနှင့် ဆရာဝန်များ ၂၈၇ ဦးတို့ လာရောက်ကြကာ ကူညီကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြသည်။ ငလျင်လှုပ်ခတ်ပြီးချိန်တွင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကယ်ဆယ်ရေးဝန်ထမ်းများနှင့်အကူအညီများ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းခရီးလမ်းကြောင်းများမှ ရောက်ရှိလာခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီခဲ့ကြသည့် နိုင်ငံအစိုးရများနှင့် အဖွဲ့အစည်းများ၊ ကယ်ဆယ်ရေးစေတနာ့ဝန်ထမ်းများနှင့် အလှူရှင်များအားလုံးကို ကျေးဇူးတင်ရမည်ဖြစ်သည်။

"မန္တလေးငလျင်ကြီးသည် ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုများဖြစ်ခဲ့ရုံမျှမက မိမိတို့၏ လူမှုစီးပွားဘဝများ၊ သယ်ယူပို့ဆောင်ရေးများ၊ စွမ်းအင်များ၊ ဆက်သွယ်ရေးများကိုပါ ဖျက်ဆီးဖြတ်တောက်ခဲ့ကြောင်း၊ အသက်များဆုံးရှုံးခဲ့ရပြီး နေရပ်များယာယီ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ပြည်သူများ၏ စိတ်ဓာတ်ခွန်အားများကို ထိခိုက်စေသကဲ့သို့ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင်လည်း ရိုက်ခတ်မှုများ အထိုက်အလျောက်ရှိခဲ့ကြောင်း၊ သို့သော်လည်း ယခု မိမိတို့သည် အင်အားရှိလှသည့် အမှန်တရားတစ်ခုနှင့် နိုးထလာခဲ့ကြကြောင်း၊ ယင်းအမှန်တရားသည် မြန်မာလူမျိုးများ၏ ပြင်းပြသည့်စိတ်ဓာတ်နှင့် စုစည်းညီညွတ်မှုသည် ငလျင်ကြောင့် ကျိုးပဲ့ပျက်စီးသွားမှု မရှိဘဲ ကြံ့ကြံ့ခံပြီးရင်ဆိုင်ကျော်လွှားနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာပြောလိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို နေ့စဉ် မြင်တွေ့ကြားသိနေရသည်။ လူမှုစီးပွားဘဝများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ဝမ်းနည်းပူဆွေးသောကဖြစ်နေကြခြင်းအစား မည်သို့မည်ပုံကူညီကြမည်၊ တည်ဆောက်ကြမည်၊ ရုန်းကန်ရှင်သန်ကြမည်ဆိုသည်ထက် မည်သို့ပို၍ကောင်းအောင် တည်ဆောက်ကြမည်ကို နိုင်ငံချစ်စိတ်ကိုအခြေခံပြီး စည်းလုံးချစ်ခင်ရင်းနှီးစွာဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ မန္တလေးငလျင်ကြီးသည် ငလျင်ဒဏ်အန္တရာယ် တိုက်ရိုက်ထိခိုက်ခံရသူများအပါအဝင် လူပေါင်းခြောက်သိန်းခန့်အပေါ် သက်ရောက်မှုရှိခဲ့သည်။ လက်ငင်းကြုံတွေ့ထိခိုက်မှုများကို ချက်ချင်းဝိုင်းဝန်းကုစားပေးမှုများအပြင် ငလျင်ဘေးအလွန်ကာလ ပြန်လည်ကုစားပေးနိုင်ရေး၊ မူလအခြေအနေမပျက် ရပ်တည်နိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများရှိ လူမှုအသိုက်အဝန်းများကြားတွင် အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အသက်ဘေးမှ လွတ်မြောက်လာသူများ၏ စိတ်ထိခိုက်ခံစားရမှုများအတွက် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုများကို ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့်ဒေသဆိုင်ရာမိတ်ဖက်များနှင့် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ ငလျင်ဘေးပြန်လည်ထူထောင်ခြင်းကို ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။ ငလျင်ဘေးအလွန် ပြန်လည်တည်ဆောက်ရေးကိုဆောင်ရွက်ရာတွင် ပြန်လည်နာလန်ထူအောင် လုပ်ဆောင်ခြင်းသာမကဘဲ အနာဂတ်တွင် လုံခြုံအာမခံမှုရှိသည့် နိုင်ငံတစ်နိုင်ငံ ဖန်တီးတည်ဆောက်နိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။

ပြည်သူများ၏ လူမှုစီးပွားဘဝများကို မှုန့်မှုန့်ညက်ညက်ဖျက်ဆီးခဲ့သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် ကြုံတွေ့ရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကိုကျော်လွှားပြီး ပိုမိုကောင်းမွန်သည့်အနာဂတ်ကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ တိုက်တွန်းပြောကြားချက်ဖြစ်သည့် "မိမိတို့ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပြသခဲ့ကြသည့် ပြည်သူများ၏ ရဲစွမ်းသတ္တိ၊ စည်းလုံးညီညွတ်မှုနှင့် ဖွဲလုံ့လများသည် မိမိတို့နိုင်ငံအတွက် အကြီးမားဆုံးသော အမျိုးသားအရင်းအနှီးများဖြစ်သည်ဟု ဂုဏ်ပြုပြောကြားလိုကြောင်း၊ နိုင်ငံကို ပြန်လည်ထူထောင်ကြမည့်ခရီးရှည်တွင် မိမိတို့ပြည်သူများသည် မိမိတို့ကို ဦးဆောင်ခေါ်သွားမည့် ယုံကြည်မှုအလင်းတန်းများဖြစ်ကြသည်ဟုလည်း တင်စားပြောကြားလိုကြောင်း၊ မိမိတို့ပြည်သူများအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး ကျရောက်လာသည့်အချိန်တွင် ယခုကဲ့သို့ "We are Stronger, We are Together" ဟူသည့် စိတ်သဘောထားခံယူချက်များကို ဆက်လက်မွေးမြူပြီး ကြံ့ကြံ့ခံကျော်လွှားပေးကြရန်"ဟူသည့်အချက်များကို အလေးထားမှတ်သား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ ။


၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဇွန်လ(၅)ရက်

WORLD ENVIRONMENT DAY

UN environment programme



" ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး"
"Ending Plastic Pollution Globally"


## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၃၁

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်ကလှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၃၁ ရက်အထိ သေဆုံးသူ ၃၇၄၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၇ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၃၀ ရက် ညနေ ၅ နာရီမှ မေ ၃၁ ရက် ညနေ ၅ နာရီအတွင်း မလေးရှားနိုင်ငံအခြေစိုက် Fo Guang Shani Buddha's Light International Association Yayasan Sin Chew အဖွဲ့အစည်းများက လှူဒါန်းသည့် လက်သန့်ဆေးရည် (အလေးချိန် သုည ဒသမ ၃၁၅ တန်) ရောက်ရှိခဲ့ပြီး အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မုန်တိုင်းငယ် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွား

နေပြည်တော် မေ ၃၁

ယနေ့ နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၏ မြောက်ဘက်မှ ကုန်းတွင်းပိုင်းဒေသများကိုဖြတ်ကျော်ခဲ့သော မုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အာသံပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ ရောက်ရှိခဲ့ကာ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။

မိုး/ဇလ

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် မေ ၃၁

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ၃၁ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၇၇၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - | ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအား နုန်းများဆယ်တင်ခြင်းနှင့် ချောင်းဖြောင့်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့နေရာများ၌ ရေများစီးဆင်းမှုမရှိဘဲ ပိတ်ဆို့လျက်ရှိသဖြင့် အလွယ်တကူစီးဆင်းသွားနိုင်မည့်ပုံစံနှင့် ရေမြောင်း level တို့ကို စနစ်တကျဖြင့် သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ယခု ရန်ကုန်-ပုသိမ်လမ်းမကြီးသည် အသွားအလာများသည့် ပင်မလမ်းမကြီးဖြစ်သဖြင့် လမ်းဘေးဝဲ/ယာတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေးကို ဖော်ဆောင်ကာ လှိုင်သာယာမြို့နယ်၏ သန့်ရှင်းသာယာလှပမှုနှင့် စည်းကမ်းစနစ်တကျရှိမှုတို့ကို ပြသ၍ ဂုဏ်ယူကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမပေါ်ရှိ ဘုရင့်နောင်တံတားအဆင်းအနီး ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်းထိပ်၌ လူသွားစင်္ကြံအသစ် ခင်းကျင်းဆောင်ရွက်ထားရှိမှုနှင့် လမ်းဘေးဝဲ/ယာ၌ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ရန်ကုန်-ပုသိမ်လမ်းမပေါ်ရှိ ကနောင်မင်းသားကြီးလမ်းထိပ်နေရာ၌ တောင်ဘက်ခြမ်း၊ လမ်းဖြတ်ကူးတံတား ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လူသွားစင်္ကြံအသစ် ခင်းကျင်းထားရှိမှု အခြေအနေများ၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လူသွားစင်္ကြံ ခင်းကျင်းထားရှိမှုမှာ ကောင်းမွန်ပြီး လူသွားစင်္ကြံပေါ်၌ တည်ရှိနေသည့် လျှပ်စစ်ဓာတ်အားပေးတိုင်များကို စင်္ကြံဧရိယာပြင်ပသို့ ရွှေ့ပြောင်းသွားရန်နှင့် ရေနုတ်မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေးတို့အတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ရန်ကုန်-ပုသိမ်လမ်းမအတိုင်း ဆက်လက်ထွက်ခွာလာခဲ့ပြီး သောင်ကြားချောင်းတံတား နေရာသို့ရောက်ရှိကာ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်အဝင်လမ်းမကြီးနှင့် လူသွားစင်္ကြံ ခင်းကျင်းထားရှိမှုအခြေအနေများ၊ အဝင်လမ်းတစ်လျှောက် သစ်ပင်ပန်းမန် စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**☆ လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအား နုန်းများဆယ်တင်ခြင်းနှင့် ချောင်းဖြောင့်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်လို၊ အချို့နေရာများ၌ ရေများစီးဆင်းမှုမရှိဘဲ ပိတ်ဆို့လျက်ရှိသဖြင့် အလွယ်တကူစီးဆင်းသွားနိုင်မည့်ပုံစံနှင့် ရေမြောင်း level တို့ကို စနစ်တကျဖြင့် သုတေသနပြုဆောင်ရွက်**

**☆ ရန်ကုန်-ပုသိမ်လမ်းမကြီးသည် အသွားအလာများသည့် ပင်မလမ်းမကြီးဖြစ်သဖြင့် လမ်းဘေး ဝဲ/ယာ တစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေးကို ဖော်ဆောင်ကာ လှိုင်သာယာမြို့နယ်၏ သန့်ရှင်းသာယာလှပမှုနှင့် စည်းကမ်းစနစ်တကျရှိမှုတို့ကို ပြသ၍ ဂုဏ်ယူကြရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်-ပုသိမ်လမ်းမပေါ်ရှိ ကနောင်မင်းသားကြီးလမ်းထိပ်နေရာ၌ လူသွားစင်္ကြံအသစ် ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် တက္ကသိုလ်ဆောင်ပတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ တက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ကြားလျက်ရှိမှု အခြေအနေများကို မေးမြန်းသည်။ ယင်းနောက် တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ တက္ကသိုလ်ဆိုင်ရာ တင်ပြချက်များတင်ပြမှုအပေါ် တက္ကသိုလ်၌ တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ၏ သွားလာမှုအဆင်ပြေစေရေး၊ အိပ်ဆောင်များ ကောင်းမွန်မှုရှိစေရေးတို့ကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် အနေဖြင့် လှိုင်သာယာမြို့နယ် ရေစီးရေလာကောင်းမွန်စေရေးနှင့်ပတ်သက်၍လည်း သုတေသနပြုဆောင်ရွက်သွားရန်လိုပြီး မြို့ပြအင်ဂျင်နီယာဘွဲ့တန်း တက်ရောက်နေသော နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများကို အဖွဲ့များခွဲ၍ အပိုင်းအလိုက် သုတေသနပြုအဖြေရှာဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု**

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်ပန်းခြံသို့ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လှိုင်သာယာမြို့နယ် အကွက်ချပုံစံငယ်အား ကြည့်ရှု၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပန်းခြံရှင်းလင်းဆောင်ခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က လှိုင်သာယာမြို့နယ်သို့ရောက်ရှိစစ်ဆေးစဉ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လမ်းညွှန်ချက်များအား ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇလားပုံကွန်ကရစ်ရေမြောင်းများ ဖောက်လုပ်ဆောင်ရွက်လျက်ရှိမှု၊ ရေမြောင်းများအတွင်း အမှိုက်များနှင့် ချုံနွယ်များပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိမှု၊ ရန်ကုန်-ပုသိမ်လမ်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရေထိန်းတံခါးများ တပ်ဆင်ထားရှိမှု၊ RC Box Culvert များ တည်ဆောက်လျက်ရှိမှု၊ ညောင်တုန်းလမ်း ဝဲ/ယာ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ရွှေပြည်သာတံတား လမ်းဘေးဝဲ/ယာ လှိုင်မြစ်ထွက်ပေါက် ရေမြောင်းများဆောက်လုပ်ထားရှိမှု၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ထားရှိမှု၊ ရန်ကုန်-ပုသိမ်လမ်းနှင့် ညောင်တုန်းလမ်း ဝဲ/ယာ၌ လူသွားစင်္ကြံများ ပြုလုပ်လျက်ရှိမှု၊ လူကူးတံတားများ တည်ဆောက်ပေးလျက်ရှိမှု၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ပတ်လမ်းအား နိုင်လွန်ကတ္တရာ ခင်းကျင်းပြီးစီးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြစီမံကိန်းတစ်ရပ်ကို စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန်လို**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ၂၀၂၃ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခဲ့မှုများကို စနစ်တကျဖြင့် မှတ်တမ်းတင်ထားရှိရန်လိုကြောင်း၊ **စာမျက်နှာ ၄ သို့** ☆





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သောင်ကြားချောင်း တံတားနေရာ၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ် ဘုရင့်နောင်ပန်းခြံ ရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



✰ စာမျက်နှာ ၃ မှ

လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိကဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စတစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သာယာလှပရေးအတွက် ရေနုတ်မြောင်းများအတွင်း ရေစီးရေလာများကောင်းမွန်ရမည်ဖြစ်သကဲ့သို့ နေထိုင်ကြသူများအနေဖြင့်လည်း စည်းကမ်းတကျနေထိုင်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေစီးရေလာကောင်းမွန်မှု မရှိခြင်းကြောင့် ရေဆိုးရေညစ်များနှင့် ကျန်းမာရေးနှင့် ညီညွတ်မျှတမှုမရှိသည့် ပတ်ဝန်းကျင် ဖြစ်လာစေနိုင်ကြောင်း၊ ရေမြောင်းများ တည်ဆောက်ရာတွင် ရေစီးဆင်းမှုပမာဏကို တွက်ချက်၍ စနစ်တကျတည်ဆောက်သွားရန် လိုကြောင်း၊ ရန်ကုန်-ပုသိမ်လမ်းနှင့် ညောင်တုန်းလမ်းတို့သည် လမ်းမကြီးများဖြစ်သဖြင့် ပြည်သူများ စနစ်တကျသွားရောက်နိုင်ရေး လူသွားစင်္ကြံများကို အဆင့်မီမီဆောင်ရွက်သွားရန်လိုကြောင်း၊ လူကူးတံတားများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီသာ ဆောက်လုပ်သွားရန်လိုကြောင်း၊ လူသွားစင်္ကြံများပေါ်၌ တည်ရှိနေသည့် လျှပ်စစ်ဓာတ်အားတိုင်များအား စနစ်တကျဖြင့် ကင်းလွတ်ရာသို့ ပြောင်းရွှေ့စိုက်ထူသွားရန်လိုကြောင်း။

မြို့နယ်သာယာလှပရေးအတွက်အမှိုက်သရိုက်စွန့်ပစ်မှုများ စနစ်တကျရှိစေရေး သက်ဆိုင်ရာ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြစီမံကိန်းတစ်ရပ်ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားရန် လိုကြောင်း၊ လူနေထိုင်မှုများပြားသည့် မြို့နယ်တစ်ခုဖြစ်သဖြင့် လူဦးရေနှင့်ကိုက်ညီသည့် ဈေး၊ ကျောင်း၊ အုပ်ချုပ်မှုဌာနများ၊ အပန်းဖြေအားကစားကွင်းများကို စနစ်တကျထည့်သွင်းတည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လှိုင်သာယာမြို့နယ်အတွက် Town Plan နှင့် Developing Plan တို့ကို စနစ်တကျရေးဆွဲအကောင်အထည်ဖော်သွားရန်လိုကြောင်း၊ လျှပ်စစ်မီးနှင့်ပတ်သက်၍လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးထုတ်လုပ်မှုစီမံချက်များကိုရေးဆွဲထားရှိရန် လိုကြောင်း၊ လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများသည် ယခုအခါတွင် တိုးတက်မှုများစွာရှိလာပြီဖြစ်ပြီး အားလုံးစနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် နယ်မြေဒေသပေါင်းစုံမှ လာရောက် အလုပ်လုပ်ကိုင်ကြသူများ၏ နေထိုင်မှုလုံခြုံရေး၊ စားရေးအတွက် လိုအပ်သည့်အစားအသောက်များကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား၍ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း၊ နေထိုင်သွားလာမှုများ စည်းကမ်းတကျဖြစ်စေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ Social Security နှင့်ပတ်သက်၍လည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ယင်းတို့ကို မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အနီးကပ်ကြပ်မတ်ကွပ်ကဲ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ညောင်တုန်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ အောင်ဇေယျတံတားအနီး၌ တပင်ရွှေထီး လမ်းဖြတ်ကူးတံတား တည်ဆောက်မှု လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဒဂုံမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ လမ်းနယ်နိမိတ်များ စနစ်တကျရှိစေရေး၊ လမ်းနယ်များတွင် ကျူးကျော်၍ ဈေးဆိုင်ခန်းများဖွင့်လှစ်ခြင်း၊ လူနေထိုင်ခြင်းများမရှိစေရေး၊ လမ်းဘေး ဝဲ/ ယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရေးနှင့် သန့်ရှင်းသာယာလှပမှုရှိစေရေးတို့နှင့်ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ဇေယျတံတားအနီး၌ တပင်ရွှေထီး လမ်းဖြတ်ကူးတံတား တည်ဆောက်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

# ဇွန် ၁ ရက်မှ ၃၀ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက်ထုတ်ပြန်ချက်**
**(မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၅ ရက်)**
**၂၀၂၅ ခုနှစ်၊ မေ ၃၁ ရက်**

၁။ အင်အားပြင်းမန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ မေ ၆ ရက်မှ ၃၁ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ လက်ရှိကာလတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ထိခိုက်ပျက်စီးခဲ့ရသည့်အစိုးရရုံးဌာနများ၊ ပြည်သူများ၏အိုးအိမ်နှင့်လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှလည်း ကူညီမှုများကိုဆောင်ရွက်ပေးလျက်ရှိသည်။

၃။ အလားတူ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယခုနှစ်အတွင်း မဖြစ်မနေကျင်းပဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပချိန်၌ တစ်နိုင်ငံလုံးရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး ဒေသအလိုက်တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်လျက်ရှိသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်နိုင်စေရေး၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပနိုင်စေရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာဖော်ဆောင်နိုင်စေရေး၊ ရေရှည်တည်တံ့ပြီးစစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရေးတို့အတွက် တည်ငြိမ်အေးချမ်းမှုကိုရှေးရှုပြီး တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်လိုက်သည်။

၅။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့်အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကိုမပြုရန်နှင့် ထိုကဲ့သို့ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်အဖွဲ့ (၁၃) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မေ ၃၁**

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ မေ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပသည့် (၁၃) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။




ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ပဉ္စမအကြိမ် အာဆီယံ-ရုရှားလုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၀၅ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၁၅ ဖွဲ့တို့မှ ပါဝင်တက်ရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က Video Message ဖြင့် အဖွင့်အမှာစကားပြောကြားကာ ရုရှားနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Sergei Shoigu၊ ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov တို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးတွင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးက "ကမ္ဘာ့တောင်ခြမ်း (Global South)နှင့် ကမ္ဘာ့အရှေ့ခြမ်း (Global East) နိုင်ငံများအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"ခေါင်းစဉ်အား ပါဝင်ဆွေးနွေးသည်။

ထို့အပြင် "သတင်းအချက်အလက်လုံခြုံရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု" ကဏ္ဍနှင့် စပ်လျဉ်း၍လည်း ပါဝင်ဆွေးနွေးခဲ့သည်။

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ် အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Sergei Shoigu နှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။

အဆိုပါဆွေးနွေးပွဲ၌ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးနှင့် အတူ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အာရှ-ပစိဖိတ်ဒေသ၏ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ သတင်းအချက်အလက်ဖလှယ်နိုင်မှု တိုးတက်ဆောင်ရွက်နိုင်ရေးနှင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအပေါ် တုံ့ပြန်နိုင်မည့် အလားအလာများအား ဆွေးနွေးကြသည်။

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Sergei Shoigu နှင့်တကွ နိုင်ငံတကာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အတူ အမျိုးသားအောင်ပွဲ ပြတိုက်သို့ သွားရောက်၍ အထိမ်းအမှတ်နေရာတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် လွမ်းသူ့ပန်းခွေချခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရုရှား ဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေစဉ် ခရီးစဉ်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံသမ္မတ၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Nikolay Patrushev၊ ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Sergei Shoigu၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Valerievich Kara-ool ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၊ ရုရှားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူး Alexy L. Shevtsov တို့နှင့် သီးခြားစီတွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေးခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ဆက်လက်ဆောင်ရွက်မှုအခြေအနေများ၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများအား အပြန်အလှန် ဆွေးနွေးကြသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို၏ အဖွဲ့ဝင် နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မတီ၏ဥက္ကဋ္ဌဖြစ်သည့် H.E. Mr. Chen Wenqing နှင့်တွေ့ဆုံ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးခဲ့သည့် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆက်လက်ဆောင်ရွက်မှု အခြေအနေများ ဆွေးနွေးကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အမျိုးသား လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Chatchi Bangchaud နှင့်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lieutenant General Ke Da တို့နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ဘီလာရုစ်သမ္မတနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Alexander Grigoyevich Volfovich နှင့် တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘီလာရုစ်သမ္မတ မစ္စတာ လူကာရှန်ကိုတို့ တွေ့ဆုံဆွေးနွေးခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ဆက်လက်ဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငလျင်ဘေး ပြန်လည်ထူထောင်ရေး အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ နိုင်ငံတကာ အကူအညီစစ်တမ်း

## နိုင်ငံတကာရေးရာ သုတေသီတစ်ဦး

အခုဆို နိုင်ငံတကာ အကူအညီလောက အကျပ်ဆိုက်နေပါတယ်။ နိုင်ငံတကာအကူအညီဆိုတာ ရေရှည်ဖွံ့ဖြိုးရေးအကူအညီတွေကော၊ ရေတို လူသားချင်းစာနာမှုအကူအညီတွေကော အားလုံးပါဝင်ပါတယ်။ နိုင်ငံတကာအကူအညီလောကဆိုတာ အဲဒီအကူအညီတွေကို ကြီးကြပ်ကိုင်တွယ်ဆောင်ရွက်နေတဲ့ ကုလသမဂ္ဂ (UN)တို့၊ အခြားအလှူရှင် နိုင်ငံတကာအဖွဲ့အစည်းကြီးတွေကို ဆိုလိုပါတယ်။

အကျပ်ဆိုက်တယ်ဆိုတာက ရန်ပုံငွေအခက်အခဲပေါ့။ ရန်ပုံငွေလျော့နည်းလာတာပေါ့။ အလှူရှင်အစိုးရတွေက လူသားချင်းစာနာမှုအကူအညီတွေထက် စစ်ရေး၊ ကာကွယ်ရေး၊ လုံခြုံရေးကို ပိုပြီးအာရုံပြုလာကြတယ်ပေါ့။ အခုဆို လာမယ့်လအနည်းငယ်အတွင်း ကုလသမဂ္ဂမှာ ရန်ပုံငွေတွေကုန်ခန်းတော့မယ်၊ လစာပေးဖို့ အခက်အခဲဖြစ်မယ် စသဖြင့်သတင်းတွေ တက်လာပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းကြီး အတော်များများလည်း ရန်ပုံငွေတွေ လျော့နည်းလာပါတယ်။

အဲဒီလို ရန်ပုံငွေအကျပ်အတည်းက အခုမှ ရင်ဆိုင်ရတာမဟုတ်ပါဘူး။ ဟိုးအရင်နှစ်တွေကလည်း အဲဒီလိုပဲ ရန်ပုံငွေမလုံလောက်လို့ နိုင်ငံတကာအကူအညီတွေ၊ လူသားချင်းစာနာမှုအကူအညီတွေ ရပ်တန့်ရတော့မလို၊ အလုပ်တွေပဲပြုတ်တော့မလို၊ ရုံးတွေပဲ ပိတ်ရတော့မလို သတင်းတွေဖြစ်ခဲ့ပါတယ်။ အချိန်တန်တော့လည်း ရန်ပုံငွေပြန်ရကာ ပြန်ပြီးလည်ပတ်ကြတာပါပဲ။ နိုင်ငံတကာအကူအညီနဲ့ပတ်သက်ရင် ပေးစရာ အဲဒီအဖွဲ့အစည်းတွေပဲရှိတာကိုး။ အများအမြင်မှာတော့ လုပ်ဇာတ်ကြီးတစ်ခု ကြည့်နေရသလိုပါပဲ။ ရန်ပုံငွေပြတ်တောက်တော့မယ် အော်လိုက်၊ ပြန်ရလိုက်၊ ပြန်အော်လိုက်၊ ပြန်ရလိုက်နဲ့ နိုင်ငံတကာလုပ်ထုံးလုပ်နည်းတစ်ခုလိုပါပဲ။ ဒါပေမဲ့ အခု ၂၀၂၅ ခုနှစ်နောက်ပိုင်း အခြေအနေတွေကတော့ အရင်လိုဟုတ်ပုံမရတော့ပါဘူး။ နိုင်ငံတကာအကူအညီနဲ့ပတ်သက်ရင် အကြီးမားဆုံးအလှူရှင်ဖြစ်တဲ့ အမေရိကန်ဘက်က သံယောဇဉ်ပြတ်ပါပြီ။ အနည်းဆုံးတော့ ထရမ့်ရှိနေသမျှ နောက်ထပ်လေးနှစ်ပေါ့။ ဥရောပကလည်း ယူကရိန်းကိစ္စနဲ့ ကာကွယ်ရေးအသုံးစရိတ်တွေ တိုးမြှင့်ဖို့ရှိတော့ နိုင်ငံတကာ အကူအညီထပ်လျော့ဖို့ပဲ ရှိပါတယ်။

### ပြဇာတ်တစ်ပုဒ် ကြည့်နေရသလိုပါပဲ

လေ့လာသူအချို့အမြင်မှာ နိုင်ငံတကာအဖွဲ့အစည်းလောကကြီးက ပြဇာတ်တစ်ပုဒ် ကြည့်နေရသလိုပါပဲ။ ပညာတတ်တွေ အပိုင်စီးထားတဲ့ လောကကြီးတစ်ခုပါပဲ။ ပြုပြင်ပြောင်းလဲရေးလုပ်မယ် အကြိမ်ကြိမ်ပြောပြီး ဘာမှလည်း ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲရေးမလုပ်နိုင်ပါဘူး။ ပိုလို့သာဆိုးလာပါတယ်။ အတွင်းထဲမှာလည်း အချင်းချင်း မပြောကြပါဘူး။ အမြင်မတော်တာရှိလည်း မသိချင်ယောင်ဘဲဆောင်ပါတယ်။ အဓိကက အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်ဖို့ဖြစ်ပါတယ်။ အပြင်ကို အသံမထွက်ဖို့ဖြစ်ပါတယ်။ ကျိတ်ပြီး ဖြေရှင်းကြဖို့ဖြစ်ပါတယ်။ ဒါကြောင့် အဖွဲ့အစည်းတွေအတွင်းမှာ ယိုပေါက်တွေရှိနေလည်း မပြောကြပါဘူး။ ငွေက အရာရာကိုနှုတ်ပိတ်စေပါတယ်။ အလုပ်နေရာတည်မြဲဖို့သာ အဓိကဖြစ်ပါတယ်။ ရန်ပုံငွေရမှသာ နောက်တစ်နှစ်အလုပ်ဆက်နိုင်မှာဖြစ်လို့ ရန်ပုံငွေရရှိရေးကိုပဲ အာရုံစိုက်လုပ်ဆောင်ကြပါတယ်။

နောက်ဆုံး အစီရင်ခံစာတွေကတစ်ဆင့် အလှူရှင်ကော၊ အလှူရှင်ငွေကို အသုံးပြုတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကော ပူးပေါင်းညာစားတဲ့ အသိုက်အဝန်းကြီးဖြစ်လာပါတယ်။ အလှူငွေတွေဆိုတာ နိုင်ငံတကာပြည်သူတွေရဲ့ အခွန်ငွေကြေးတွေဖြစ်ပါတယ်။ တစ်နည်း လူအချင်းချင်း ခေါင်းပုံဖြတ်တဲ့သဘောဖြစ်လာပါတယ်။ အခုတော့ အဲဒီပြဇာတ် ဇာတ်သိမ်းချိန်ရောက်ပြီ၊ ဒါမှမဟုတ်လည်း ဇာတ်ညွှန်းအသစ်နဲ့ ပြန်စဖို့သင့်ပြီဆိုပြီး အသံတွေ ထွက်လာပါတယ်။

> အချို့ဆို နိုင်ငံတကာအကူအညီတင်မဟုတ်ဘူး။ နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်တွေအထိ မျှော်ကြတာပေါ့။ UN ကို အလွန်အထင်ကြီးတာပေါ့။ နိုင်ငံတကာကို အတော်လေးအထင်ကြီးတာပေါ့။ ရဝမ်ဒါ (Rwanda) တို့၊ ဘော့စနီးယား (Bosnia) တို့မှာ UN တပ်တွေ (နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်တွေ) ရှိနေတဲ့တိုင် ပြည်တွင်းပဋိပက္ခတွေအတွင်း အပြစ်မဲ့ပြည်သူတွေ အတုံးအရုံး အသတ်ခံခဲ့ကြရတာ မဝေးတဲ့အတိတ်ကာလမှာ ရှိခဲ့ပါတယ်။ နောက်ဆုံးတော့ နိုင်ငံတကာအသိုက်အဝန်းက ပြန်လည်သုံးသပ်မှုတွေ၊ ပြစ်တင်ဝေဖန်မှုတွေပြုခဲ့ပေမယ့် အပြစ်မဲ့တဲ့ပြည်သူတွေ သေတဲ့သူကတော့ သေခဲ့ကြပါပြီ။ နိုင်ငံတကာအသိုက်အဝန်းဆိုတာ အချိန်တန်ရင်ထွက်သွားတာ၊ နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်တွေဆိုတာ အချိန်တန်ရင် ထွက်သွားတာပါပဲ

### အကူအညီတွေက ထိရောက်မှုရှိသလား

အခုတစ်လော နိုင်ငံတကာအကူအညီတွေနဲ့ပတ်သက်ပြီး ဆောင်းပါးအချို့ ထွက်ပေါ်လာပါတယ်။ အဲဒီဆောင်းပါးတွေနဲ့ ဆက်စပ်နေတဲ့ အများပြည်သူ မှတ်ချက်တွေမှာ နိုင်ငံတကာအကူအညီတွေနဲ့ပတ်သက်ပြီး အကူအညီတွေက ထိရောက်မှုရှိသလားပေါ့။ အနှစ်ချုပ်က နိုင်ငံတကာအကူအညီတွေပေးလာခဲ့တာ နှစ်ပေါင်းများစွာရှိပြီ။ အကူအညီကြောင့် တိုးတက်တယ်ဆိုတဲ့နိုင်ငံ မရှိသေးဘူး။ အကျင့်ပျက်ခြစားမှုတွေ၊ လူမှုအဖွဲ့အစည်းအတွင်း စိတ်ဝမ်းကွဲမှုတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ အမြင်မကြည်လင်မှုတွေသာ တိုးပွားလာတယ်ဆိုပြီး ထောက်ပြထားပါတယ်။

တိုးတက်သွားတာက အဲဒီအကူအညီတွေကို စီမံခန့်ခွဲနေတဲ့ အလှူရှင်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ သူတို့ အထောက်အပံ့ရနေတဲ့သူတွေဖြစ်တယ်ဆိုပြီး ရေးသားထားပါတယ်။ နိုင်ငံတကာအကူအညီပေးရေးစနစ်ကြီးက ရှုပ်ထွေးကြီးမား ကျယ်ပြန့်တာကြောင့် အသေးစိတ်မြင်အောင် မကြည့်နိုင်ပေမယ့် ဒုတိယကမ္ဘာစစ်ကြီးပြီးကတည်းက အသွင်အမျိုးမျိုးနဲ့ ပေါ်ထွက်လာတဲ့ နိုင်ငံတကာအကူအညီတွေဟာ အခုဆို ဒုတိယကမ္ဘာစစ်ကြီးပြီးခဲ့တာပဲ နှစ်ပေါင်း ၈၀ ရှိခဲ့ပြီ။ သူတို့ရည်မှန်းချက်ဖြစ်တဲ့ ကမ္ဘာတစ်လွှား ဆင်းရဲမွဲတေမှုလျော့ချရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုတာတွေဖြစ်မလာဘဲ ကမ္ဘာတစ်လွှား စစ်မက်ပဋိပက္ခတွေ၊ ရွှေ့ပြောင်းနေထိုင်သူတွေ၊ ဒုက္ခသည်တွေသာ တိုးလာတယ်ဆိုပြီး သုံးသပ်ထားပါတယ်။

နှစ်ပေါင်း ၈၀ နော်။ နည်းတဲ့နှစ်မဟုတ်ဘူး။ ကမ္ဘာကြီးကို ဆက်ညာနေဦးမလား၊ ကမ္ဘာကြီးကလည်း ဆက်အညာခံနေဦးမလားဆိုပြီး အမေးထုတ်ထားပါတယ်။ ကမ္ဘာမှာ အတော်ဆုံးသူတွေနဲ့ စုဖွဲ့ထားတဲ့ ကုလသမဂ္ဂတို့၊ အခြားထိပ်သီး နိုင်ငံတကာအဖွဲ့အစည်းကြီးတွေဟာ နိုင်ငံတကာအကူအညီ၊ လူသားချင်းစာနာမှုအကူအညီ ဗန်းပြပြီး ကမ္ဘာသူ ကမ္ဘာသားတွေကို အသိပညာ ခေါင်းပုံဖြတ်နေတဲ့သူတွေဖြစ်တယ်လို့လည်း ဝေဖန်ထားပါတယ်။

တစ်ဆက်တည်း အကျိုးစီးပွားဆိုတာတွေကို ထောက်ပြထားတယ်။ အဖွဲ့အစည်းတွေမှာ တာဝန်မရှိဘူး။ လူတွေမှာသာ တာဝန်ရှိတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်လုပ်နေတယ်ဆိုတာ အကြောင်းပြပြီး အဲဒီအဖွဲ့အစည်းကလူတွေဟာ သူတို့အကျိုးစီးပွားအတွက် လစာတွေ ကောင်းကောင်းယူ၊ ခံစားခွင့်တွေကောင်းကောင်းယူ၊ ဥပဒေမူဘောင်တွေ တွင်တွင်ပြော၊ သူတို့အချင်းချင်းဆို လိုသလို အလျှော့အတင်းလုပ်၊ အလျှဉ်းသင့်မယ့်သူတွေ လက်တစ်လုံးခြားခန့်ပြီး အဖွဲ့အစည်းအတွင်း တစ်ကျိတ်တည်း၊ တစ်ဉာဏ်တည်း၊ တစ်သံတည်းဖြစ်အောင် လုပ်ယူထားတဲ့ အကျိုးစီးပွားအခြေခံတဲ့ လူတန်းစားတစ်ရပ်သာဖြစ်တယ်ဆိုပြီး ရေးသားထားပါတယ်။

တကယ်လို့ အဲဒီ နိုင်ငံတကာလူသားချင်းစာနာမှုတွေ၊ ဖွံ့ဖြိုးတိုးတက်ရေးတွေ လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေသာ စိတ်ရင်းမှန်ရင် သူတို့လစာတစ်ဝက်လျှော့၊ ခံစားခွင့်တွေလျှော့ပြီး အလုပ်လုပ်ကြမလားဆိုရင် အသံတွေ တိတ်နေကြပါလိမ့်မယ်။ အဲဒီလို လစာတစ်ဝက်လျှော့တယ်ဆိုရင်တောင် သာမန်နိုင်ငံသားတွေ လစာထက် ပိုနေပါသေးတယ်။ လစာတစ်ဝက်နဲ့ သူတို့မလုပ်လည်း လုပ်မယ့်သူတွေ အများကြီးရှိပါတယ်။ အလုပ်ခန့်တာကအစ UN လို အဖွဲ့အစည်းကြီးတွေမှာ အတွင်းအဆက်အသွယ်က အဓိကဖြစ်ပြီး နောက်ဆုံးအလုပ်ရတဲ့သူတွေကလည်း သူတို့အလုပ်တည်မြဲရေးပဲ ဦးတည်သွားပြီး အဖွဲ့ကြီးဟာ အတွင်းမှာ အချင်းချင်း အပြန်အလှန်ပံ့ပိုးတဲ့ အသင်းအဖွဲ့သဘောဖြစ်လာတယ်ဆိုပြီး ရေးသားထားပါတယ်။

အဖွဲ့အစည်းအတွင်းမှာ အားလုံးနဲ့ လိုက်လျောညီထွေဖြစ်စေဖို့သာ အဓိကဖြစ်လို့ အဲဒီလို နိုင်ငံတကာအဖွဲ့အစည်းတွေမှာ လုပ်ကိုင်ဆောင်ရွက်သူအများစုဟာ အသံတွေတိတ်လာတယ်။ ဖောက်ထွက်တင်ပြမှုတွေနည်းလာတယ်။ တသီးတသန့်လူတန်းစားတစ်ရပ်လို ဖြစ်လာတယ်လို့လည်း ထောက်ပြထားပါတယ်။ တင်ပြတဲ့အခါမှာလည်း အဖွဲ့အစည်း မူဝါဒနဲ့၊ အထက်လူကြီးတွေနဲ့ သဘောထားတူညီဖို့က အရေးကြီးလို့ ဘယ်သူမှဆန့်ကျင်ပြီး မတင်ပြကြဘဲ လိုက်လျောညီထွေရှိအောင်သာ တင်ပြကြရင်း တစ်ဖက်ပိတ်သဘော ဆန်လာတယ်လို့ ရေးသားထားပါတယ်။

**စာမျက်နှာ ၇ သို့** ❂

> နိုင်ငံတကာကို အားကိုးခဲ့ကြတဲ့ ရဝမ်ဒါပြည်သူတွေ ဘယ်လောက်ဝမ်းနည်းကြေကွဲဖို့ ကောင်းလိုက်သလဲ။ ငါတို့ဆီမှာ UN တပ်တွေရှိနေပြီ၊ လုံခြုံပြီလို့ ထင်ခဲ့တဲ့သူတွေ အရေးအကြောင်းဆို ကယ်မယ့်သူမရှိ။ မည်သို့ပင် သမိုင်းဖြစ်စဉ်တွေရှိနေပါစေ၊ သက်ဆိုင်ရာအစိုးရတွေကို နာကြည်းမုန်းတီးနေတဲ့ အတိုက်အခံတွေ၊ အစုအဖွဲ့တွေကတော့ UN လာပါ၊ နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်တွေလာပါ တောင်းခံနေကြမှာပါပဲ။ UN တို့၊ နိုင်ငံတကာအသိုင်းအဝိုင်းတို့က ကူညီချင်တောင် သိပ်ဆိုးရွားပြင်းထန်နေတဲ့အခြေအနေမှာ သူတို့လည်း များများစားစားမလုပ်နိုင်ပါဘူး။ ပြဿနာက အဲဒီလိုအခြေအနေမျိုးတွေ မဆိုးရွား၊ မပြင်းထန်အောင် UN တပ်တွေ ချထားခဲ့တယ်။ အနည်းဆုံး သက်ဆိုင်ရာပြည်သူလူထုကို ကာကွယ်ဖို့ပဲပေါ့။ မဟုတ်ရင် ဘာလို့ ဒီလောက်ကုန်ကျစရိတ်ကြီးမားတဲ့ UN တပ်တွေ ပို့ထားမှာလဲ။ ဒါပေမဲ့ အမှန်တကယ် ထိန်းမနိုင်သိမ်းမရ ဆိုးရွားပြင်းထန်လာတဲ့အခါ ဘယ်သူမှမကယ်နိုင်ပါဘူး။ နောက်ဆုံးကြားထဲက ပြည်သူလူထုခမျာ ကူရာမဲ့တော့တာပါပဲ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၌ အကောက်ခွန်လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

## တရားမဝင်ကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်းမှု မရှိစေရေးအတွက် ကုန်ပစ္စည်းစစ်ဆေးမှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြစေလိုကြောင်း ပြောကြား

ရန်ကုန် မေ ၃၁

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများဖြစ်သော အေးရှားဝေါလ် ဆိပ်ကမ်း၊ ထီးတန်းဆိပ်ကမ်းနှင့် မြန်မာ့စက်မှု ဆိပ်ကမ်းတို့၌ အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ အေးရှားဝေါလ်ဆိပ်ကမ်း အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး၊ သွင်းကုန်ပစ္စည်းများ စနစ်တကျ တင်သွင်းရောက်ရှိရေးနှင့် ဆိပ်ကမ်းဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေး၊ မူးယစ်ဆေးဝါးအပါအဝင် တရားမဝင်ကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်းခြင်းများမှ ကာကွယ်တားဆီးနိုင်ရေး၊ မလိုလားအပ်သော အုပ်ချုပ်မှုဆိုင်ရာ အဟန့်အတားများ ဖြေရှင်းဆောင်ရွက်ပေးရေး အတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန်မှာ အရေးကြီးပါကြောင်း၊ သို့ဖြစ်ရာ ပို့ကုန်တင်ပို့မှုလုပ်ငန်းများ ပိုမိုအဆင်ပြေစေရန်၊ သွင်းကုန်တင်သွင်းမှုများ စနစ်တကျဖြစ်စေရန်၊ တရားမဝင် ကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်းမှု မရှိစေရေးအတွက် ကုန်ပစ္စည်းစစ်ဆေးမှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း၊ ဆွေးနွေးတင်ပြချက်များအား သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အေးရှားဝေါလ်ဆိပ်ကမ်း(Container Freight Station-CFS)တွင် ပူးပေါင်းအဖွဲ့ဖြင့် ကုန်ပစ္စည်းစစ်ဆေးဆောင်ရွက်နေမှုများနှင့် အေးရှားဝေါလ်ဆိပ်ကမ်းရှိ X-Ray စက်ဖြင့် ကုန်သေတ္တာများ ဖြတ်သန်းစစ်ဆေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အေးရှားဝေါလ်ဆိပ်ကမ်းနှင့် ထီးတန်းဆိပ်ကမ်းတို့ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ ပူးပေါင်းအဖွဲ့ဖြင့် ကုန်ပစ္စည်းစစ်ဆေးဆောင်ရွက်နေမှုများ၊ X-Ray စက်ဖြင့် ကုန်သေတ္တာများ ဖြတ်သန်းစစ်ဆေး ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခြင်း၊ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❂ စာမျက်နှာ ၆ မှ

နောက်ဆုံး နိုင်ငံတကာအဖွဲ့အစည်း အသိုင်းအဝိုင်းဟာ ကြီးကြပ်ထိန်းကွပ်မယ့်သူမရှိတော့ဘဲ အချင်းချင်းသာယာအောင် မြှောက်ပင့်ပြောဆိုကြရင်း တသီးတသန့်ဆန်လာပြီး အချိန်တွေသိပ်ကြာလာတဲ့အခါ လူတွေက နိုင်ငံတကာအဖွဲ့အစည်းတွေကို အဆိုးမြင်လာ၊ အခု ဘယ်မှာမဆို နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ထိရောက်မှုကို မေးခွန်းထုတ်လာကြပါတယ်။

### နိုင်ငံတကာအကူအညီဆိုတာ

အကူအညီဆိုတဲ့ သဘောတရားက မှီခိုတာပါပဲ။ ဒီနေရာကို အကူအညီပေးသွားတယ်။ နောက်တစ်နေရာက မရဘူးဆိုရင် မရတဲ့နေရာက မကျေနပ်ပါဘူး။ ဒီသင်တန်းမှာ လာတဲ့သူတွေကို တစ်နေ့ ငွေကျပ် ၅၀၀၀ ပေးတယ်၊ ၆၀၀၀ ပေးတယ်ဆိုရင် နောက်တစ်ခါ သင်တန်းမှာ ပိုက်ဆံမပေးရင် အယုံအကြည်မရှိတော့ပါဘူး။ နိုင်ငံတကာ အကူအညီဆိုတာ အားလုံးက ငွေလမ်းခင်းနေတာပါပဲ။ ဒါကြောင့် သူတို့ (နိုင်ငံတကာအဖွဲ့အစည်းတွေ) မရှိတော့ဘူးဆိုရင် အဲဒီနိုင်ငံတကာအကူအညီရခဲ့တဲ့နေရာတွေက သက်ဆိုင်ရာအစိုးရကပေးတဲ့ အကူအညီကို မလိုချင်တော့ပါဘူး။ အစိုးရက နိုင်ငံတကာလောက်တော့ ဘယ်ပေးနိုင်မလဲ။ ဟိုကတော့ နိုင်ငံတကာငွေကြေးနဲ့ဆိုတော့ ကောင်းကောင်းပေးနိုင်တာပေါ့။

**သို့သော် နိုင်ငံတကာအဖွဲ့အစည်းတွေဆိုတာ နိုင်ငံတစ်နိုင်ငံမှာ တစ်သက်လုံးရှိနေမှာ မဟုတ်ဘူးလေ။ အစိုးရတွေက တစ်သက်လုံးရှိနေမှာဖြစ်တယ်။ ဒါကြောင့် လူထုက နိုင်ငံတကာအကူအညီတွေ မျှော်၊ အကူအညီအပေါ် မှီခိုရင်း ဆင်းရဲမွဲတေမှုက ကြီးမား၊ အစိုးရတွေက နိုင်ငံတကာအဖွဲ့အစည်းတွေကို တင်းကျပ်လာရင် နိုင်ငံတကာအဖွဲ့အစည်းတွေက လူထုနဲ့ အစိုးရကို ပါးပါးလေး ရန်တိုက်ပေး၊ ပြီးရင် သူတို့က ပြန်ထွက်သွား၊ လူထုနဲ့ အစိုးရကြား မပြေလည်မှုက ကျန်ခဲ့၊ ဒီလိုနဲ့ အာဖရိကနိုင်ငံအချို့ နိုင်ငံတကာအကူအညီအောက်မှာ ဘာဖွံ့ဖြိုးမှုမှမလုပ်နိုင်ဘဲ အကူအညီမျှော်ရင်း နှစ်ပေါင်းများစွာ ဆင်းရဲသံသရာလည်နေတာ အခုထိပဲ။**

### အချိန်တန်ရင် ထွက်သွားတာပါပဲ

**အချို့ဆို နိုင်ငံတကာ အကူအညီတင်မဟုတ်ဘူး။ နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်တွေအထိ မျှော်ကြတာပေါ့။ UN ကို အလွန်အထင်ကြီးတာပေါ့။ နိုင်ငံတကာကို အတော်လေး အထင်ကြီးတာပေါ့။ ရဝမ်ဒါ (Rwanda) တို့၊ ဘော့စနီးယား (Bosnia) တို့မှာ UN တပ်တွေ (နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်တွေ) ရှိနေတဲ့တိုင် ပြည်တွင်းပဋိပက္ခတွေအတွင်း အပြစ်မဲ့ပြည်သူတွေ အတုံးအရုံး အသတ်ခံခဲ့ကြရတာ မဝေးတဲ့အတိတ်ကာလမှာ ရှိခဲ့ပါတယ်။ နောက်ဆုံးတော့ နိုင်ငံတကာအသိုက်အဝန်းက ပြန်လည်သုံးသပ်မှုတွေ၊ ပြစ်တင်ဝေဖန်မှုတွေ ပြုခဲ့ပေမယ့် အပြစ်မဲ့တဲ့ပြည်သူတွေ သေတဲ့သူကတော့ သေခဲ့ကြပါပြီ။ နိုင်ငံတကာအသိုက်အဝန်းဆိုတာ အချိန်တန်ရင်ထွက်သွားတာ၊ နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်တွေဆိုတာ အချိန်တန်ရင် ထွက်သွားတာပါပဲ။**

သူတို့က အပြင်လူတွေ၊ တကယ် နောက်ဆုံးခံခဲ့ရတာက အတွင်းကလူတွေဖြစ်ပါတယ်။ နိုင်ငံတကာအကူအညီ မျှော်တဲ့သူတွေ၊ နောက်ဆုံး ကိုယ့်ကိစ္စကိုယ်ပဲ ရှင်းရတာပါပဲ။ ရဝမ်ဒါဆိုရင် ၁၉၉၄ ခုနှစ် ဧပြီလကနေ ဇွန်လအထိ ရက် ၁၀၀ အတွင်းမှာ လူ ၈၀၀၀၀၀ လောက်အထိ အသက်ဆုံးရှုံးခဲ့တာနော်။ အစွန်းရောက် ဟူတူ (လူမျိုး) (Hutu) တွေက တွတ်ဆီ (လူမျိုး) (Tutsi) တွေနဲ့ သဘောထားပျော့ပျောင်းတဲ့ ဟူတူတွေကို တွေ့တဲ့နေရာ သတ်တာပဲ။ ဘာ UN မှ၊ ဘယ်နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကြားမဝင်ခဲ့ပါဘူး။ လက်ပိုက်ကြည့်နေခဲ့ရပါတယ်။

### ဘယ်သူမှ မကယ်နိုင်ပါဘူး

**နိုင်ငံတကာကို အားကိုးခဲ့ကြတဲ့ ရဝမ်ဒါပြည်သူတွေ ဘယ်လောက်ဝမ်းနည်းကြေကွဲဖို့ကောင်းလိုက်သလဲ။ ငါတို့ဆီမှာ UN တပ်တွေရှိနေပြီ၊ လုံခြုံပြီလို့ ထင်ခဲ့တဲ့သူတွေ အရေးအကြောင်းဆို ကယ်မယ့်သူမရှိ။ မည်သို့ပင် သမိုင်းဖြစ်စဉ်တွေရှိနေပါစေ၊ သက်ဆိုင်ရာအစိုးရတွေကို နာကြည်းမုန်းတီးနေတဲ့ အတိုက်အခံတွေ၊ အစုအဖွဲ့တွေကတော့ UN လာပါ၊ နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်တွေလာပါ တောင်းခံနေကြမှာပါပဲ။ UN တို့၊ နိုင်ငံတကာအသိုင်းအဝိုင်းတို့က ကူညီချင်တောင် သိပ်ဆိုးရွားပြင်းထန်နေတဲ့ အခြေအနေမှာ သူတို့လည်း များများစားစား မလုပ်နိုင်ပါဘူး။ ပြဿနာက အဲဒီလိုအခြေအနေမျိုးတွေ မဆိုးရွား၊ မပြင်းထန်အောင် UN တပ်တွေ ချထားခဲ့တယ်။ အနည်းဆုံး သက်ဆိုင်ရာပြည်သူလူထုကို ကာကွယ်ဖို့ပဲပေါ့။ မဟုတ်ရင် ဘာလို့ ဒီလောက် ကုန်ကျစရိတ်ကြီးမားတဲ့ UN တပ်တွေ ပို့ထားမှာလဲ။ ဒါပေမဲ့ အမှန်တကယ် ထိန်းမနိုင်သိမ်းမရ ဆိုးရွားပြင်းထန်လာတဲ့အခါ ဘယ်သူမှ မကယ်နိုင်ပါဘူး။ နောက်ဆုံးကြားထဲက ပြည်သူလူထုခမျာ ကူရာမဲ့တော့တာပါပဲ။**

နိုင်ငံတကာအကူအညီနဲ့ပတ်သက်ရင် စစ်တမ်းတွေ၊ ဆောင်းပါးတွေက အလျှိုသင့်သလို ထွက်လာနေတာပါပဲ။ သို့သော် ဂုဏ်သတင်းအင်မတန်ကြီးကျယ်ပြီး ရည်ရွယ်ချက်တွေ မွန်မြတ်လှတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို ပြစ်တင်ဝေဖန်တဲ့ဆောင်းပါးတွေ ပေါ်ထွက်လာလည်း ခဏပါပဲ။ အကူအညီပေးရေးသတင်းတွေ၊ လူသားချင်းစာနာမှုသတင်းတွေ အောက်မှာပဲ ရေကန်ထဲ လှိုင်းလေး တဒင်္ဂပွက်သလို ပျောက်ကွယ်သွားတာပါပဲ။ အခုကတော့ ၂၀၂၅ အစမှာ အကြီးမားဆုံး ကမ္ဘာ့အလှူရှင်ဖြစ်တဲ့ အမေရိကန်နိုင်ငံမှာ နိုင်ငံတကာအကူအညီတွေအပေါ် အကောင်းမမြင်တဲ့ ဒေါ်နယ်ထရမ့် အာဏာရလာခြင်းက လှိုင်းလေး တဒင်္ဂပွက်သလိုမဟုတ်ဘဲ ကျောက်တုံးကြီးတစ်တုံး ပစ်ချလိုက်သလိုဖြစ်လာပါတယ်။

အခုဆို အရှေ့အလယ်ပိုင်း အရေးအခင်းက ပိုပြီးဆိုးလာနေပါတယ်။ ရုရှား-ယူကရိန်း စစ်ပွဲကလည်း ဆက်ပြီးသွားနေမယ့်သဘောမှာရှိပါတယ်။ ပါကစ္စတန်နဲ့ အိန္ဒိယ တင်းမာမှု၊ ထိုင်ဝမ် (ကျွန်း) အကျပ်အတည်းတွေကလည်း ဆက်လက်မြင့်တက်နေပါတယ်။ အချုပ်ဆိုရရင် လက်ရှိနိုင်ငံတကာ အခြေအနေတွေက နိုင်ငံတကာအကူအညီတွေကို သိပ်မျက်နှာသာမပေးပါဘူး။ တင်းမာမှုတွေဟာ အချိန်မရွေး ပေါက်ကွဲထွက်လာနိုင်ပါတယ်။ တစ်နည်းပြောရရင် ၂၀၂၅ ခုနှစ်နဲ့ လာမယ့်နှစ်တွေဟာ နိုင်ငံတကာအဖွဲ့အစည်းတွေအတွက် စိန်ခေါ်မှု အထူးကြီးမားပြင်းထန်တဲ့ နှစ်များဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

## “လျှော့ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း” သုံးသပ်ဆွေးနွေးပွဲ ဆက်လက်ကျင်းပ

## ငလျင်အပြီး ဖြစ်ပေါ်လာမည့် ပြည်တွင်းပြည်ပ စီးပွားရေးဈေးကွက်နှင့် ကုန်သွယ်မှုကို ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး အခင်းအကျင်းများဖြင့် ချိန်ထိုးပြီး အဖြေရှာဆွေးနွေး



**နေပြည်တော် မေ ၃၁**

“ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း” သုံးသပ်ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

**တွေးခေါ်ဆောင်ရွက်**

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံ့အကျိုးအတွက် အားလုံးဝိုင်းဝန်းဆွေးနွေးပေးကြသည့် ယခုဆွေးနွေးပွဲရလဒ်များကို အလေးထားပါကြောင်း၊ ဆွေးနွေးပွဲတွင် ဝိုင်းဝန်းဆွေးနွေးကြသည့် ဆွေးနွေးချက်များသည် ကျေနပ်အားရဖွယ်ကောင်းပြီး စီးပွားရေးကဏ္ဍအတွက်သာမက နိုင်ငံရေးအတွက်ပါ အကျိုးရှိစေနိုင်သည့် ဆွေးနွေးမှုများ ဖြစ်ခဲ့ပါကြောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးသည် ချိတ်ဆက်လျက်ရှိပြီး အပြန်အလှန် အမှီသဟဲပြုနေသည့်အတွက် မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေကို မှန်မှန်ကန်ကန် စဉ်းစားသုံးသပ်ကာ နိုင်ငံ့အကျိုးစီးပွားအတွက် နိုင်ငံကြီးသားပီသစွာ တွေးခေါ်ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း။

ဆွေးနွေးမှုများမှတစ်ဆင့် ရရှိလာသည့် ရလဒ်များကို နိုင်ငံတော်အကြီးအကဲထံတင်ပြ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးရာတွင် ဌာနဆိုင်ရာများအနေဖြင့် မူဝါဒကို တင်ပြခြင်းထက် နိုင်ငံအတွက် ဆောင်ရွက်သင့်သည် များကို ဦးစားပေး ဆွေးနွေးကြစေလိုပါကြောင်း၊ တက်ရောက်လာကြသူအားလုံးကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းအဖြေရှာဆွေးနွေးပေးကြ စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံးက ယမန်နေ့ ဆွေးနွေးချက်များကိုစုစည်းပြီး ယနေ့ ဆက်လက် ဆွေးနွေးရာတွင် ကောင်းမွန်သည့် ရလဒ်များထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ဆွေးနွေးရာတွင် ငလျင်အပြီး ဖြစ်ပေါ်လာမည့် ပြည်တွင်း ပြည်ပ စီးပွားရေး ဈေးကွက်နှင့် ကုန်သွယ်မှုကို နိုင်ငံ၏ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး အခင်းအကျင်းများဖြင့် ချိန်ထိုးပြီး လက်တွေ့ကျသည့် အဖြေရှာ ဆွေးနွေးမှုများဖြစ်စေလိုပါကြောင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်း၍ လယ်ယာ၊ သားငါး၊ စက်မှုနှင့် ခရီးသွားကဏ္ဍများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀) ကို ရေးဆွဲလျက်ရှိပါကြောင်း၊ မိမိတို့ဆောင်ရွက်မှုများကို နိုင်ငံ၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးအဖြေရှာစေလိုပါကြောင်း၊ ဆွေးနွေးပွဲမှရရှိလာသည့် ကောင်းမွန်သည့် အကြံပြုချက်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းအကောင်အထည်ဖော် ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပထမနေ့ ဆွေးနွေးပွဲမှရရှိလာသည့် ဆွေးနွေးချက်များအပေါ် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒါရိုက်တာ ဒေါက်တာဇော်ဦးက အနှစ်ချုပ်သုံးသပ်ဆွေးနွေးရာတွင် ငလျင်ဘေးသင့်ဒေသများ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် အခြေခံအဆောက်အအုံဟူသည့် ကဏ္ဍသုံးရပ်အပေါ် အခြေခံ၍ ဆောင်ရွက်သွားရမည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ ငွေရေးကြေးရေး၊ ကုန်သွယ်ရေး၊ အလုပ်အကိုင်၊ လုပ်သား၊ အာမခံစနစ်၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ အပါအဝင် ကဏ္ဍပေါင်းစုံ လွှမ်းခြုံလျက်ရှိသော ဝန်ဆောင်မှုနှင့် လူမှုရေးစနစ် ဆောင်ရွက်ရေး၊ ထိုသို့ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေးအတွက် မူဘောင်ချမှတ်၍ ဖော်ဆောင်သွားမည့် အခြေအနေ။

မူဘောင်များကို လူမှုကာကွယ်ရေးအပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ အခြေခံအဆောက်အအုံ ပြန်လည်တည်ဆောက်ရေး၊ စီးပွားရေး ပြန်လည်ရှင်သန်ခြင်း၊ ပြုပြင်ပြောင်းလဲရေး၊ ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ အားလုံးလွှမ်းခြုံမှုရှိစေရေးတို့ကို အခြေခံထားဆောင်ရွက်ရေး၊ ထိုသို့ ဆောင်ရွက်ရာတွင် ယမန်နေ့ ဆွေးနွေးမှုများမှ ရရှိလာသည့် အခြေခံမူများ၊ ချဉ်းကပ်မှုပုံစံများနှင့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာစံနှုန်းများ၊ ဦးစားပေးသတ်မှတ်ချက်နှင့် ရေတိုဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ရလဒ်ဖဟိုပြု အကောင်အထည်ဖော်ရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ်စုစည်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးခြင်းအစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒါရိုက်တာ ဒေါက်တာ ဇော်ဦးတို့က ပူးတွဲဆောင်ရွက်ပြီး တက်ရောက်လာကြသူများက လက်တွေ့ဆောင်ရွက်သွားမည့် ပူးတွဲဆန်းစစ်မှုဆိုင်ရာ လုပ်ငန်းများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ထင်သာမြင်သာရှိမည့် ရှေးဦးရလဒ်များ၊ ပြန်လည်ထူထောင်ရေး ညီလာခံ၊ ပြန်လည်ထူထောင်ရေး အစီအစဉ်များကို အသေးစိတ်ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကျောင်းအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့

**ရန်ကုန် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ကျောင်းတက်ရောက်ရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်က အမှာစကားပြောကြားပြီး ဗလာစာအုပ် တစ်ဒါဇင်၊ ဘောပင်၊ ခဲတံ၊ ချွန်စက်၊ ကျောပိုးအိတ်၊ ပေတံ၊ ကွန်ပါဘူး၊ ထီး၊ ကျောင်းစိမ်းဝတ်စုံနှင့် ထမင်းဘူးများအား ရပ်ကွက်(၉)ရပ်ကွက်နှင့် ကျေးရွာ ငါးရွာတို့မှ ကျောင်းတက်ရောက်ရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လှူဒါန်းနိုင်ရန်နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင်လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့်ယဉ်ကျေးမှု အမွေအနှစ်အဆောက်အအုံ ၁၇၈၁ ဆူနှင့်ဘုရားစေတီ၊သာသနိကအဆောက်အအုံ ၄၉၉၈ ခု စုစုပေါင်း ၆၇၇၉ ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဒါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင် ညွှန်ကြားရေးမှူး နေပြည်တော်သာသနာရေးမှူးရုံး ဖုန်း- ၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော် ညွှန်ကြားရေးမှူး မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး ညွှန်ကြားရေးမှူး ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉၂၀၃၈၅၆၃ နှင့် ဒေါက်တာ ဝတ်ရည်ဝင်းသန့် ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင် လက်ထောက်ညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော် ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင် ဒုတိယညွှန်ကြားရေးမှူး ဖုန်း- ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး ညွှန်ကြားရေးမှူး ရှမ်းပြည်နယ်သာသနာရေးမှူးရုံး ဖုန်း-၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ ဒုတိယညွှန်ကြားရေးမှူး ဖုန်း -၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင် မန္တလေးငလျင်ဒဏ်သင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ အိမ်ရာများနှင့် ယာယီကယ်ဆယ်ရေးစခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် မန္တလေးငလျင်ဒဏ်ခံစားခဲ့ရသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ အိမ်ရာများနှင့် ယာယီကယ်ဆယ်ရေးစခန်းတွင် ဝန်ထမ်းများနေရာချထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေရှိ အပြာရောင်အဆင့် သတ်မှတ်ထားရှိသော မန္တလေးငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများ၏ ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြေလျင်ဘေးဒဏ်သင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းနှင့် မိသားစုများအား နေရာချထားပေးသည့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်ရှိ Myanmar Secure Group (MSG) Company Limited ဝင်းအတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်း အမှတ်(၂)သို့ သွားရောက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ခွဲဝေရရှိသည့် Container House များ တပ်ဆင်တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ဝန်ကြီးဌာန အစီအစဉ်ဖြင့် ဆောက်လုပ်ပြီးစီးသည့် Modular House Type 1 နှင့် Type 2 တို့တွင် ဝန်ထမ်းမိသားစုများ ပြောင်းရွှေ့နေရာချထားမှုအခြေအနေများ၊ ယာယီကယ်ဆယ်ရေးစခန်းအတွင်း ရေ၊ မီး၊ မိလ္လာစနစ်များ ကောင်းမွန်စေရေး၊ ဝန်ထမ်းများ ချက်ပြုတ်စားသောက်ရေး အဆင်ပြေစေရန် Portable Gas မီးဖိုများ ဖြန့်ဝေပေးထားမှု၊ ရေသန့်စက် တပ်ဆင်အသုံးပြုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် မိမိတို့နေထိုင်ရာပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိစေရေး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ တစ်ဦးနှင့် တစ်ဦး ချစ်ကြည်ရင်းနှီးစွာဖြင့် လက်ရှိအခြေအနေမှ အမြန်ဆုံးပြန်လည်ရုန်းထနိုင်ရေး စိတ်ဓာတ်ကြံ့ခိုင်စွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စွမ်းအင်ဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာများအနက် အပြာရောင်အဆင့်သတ်မှတ်ထားရှိသော မန္တလေးငလျင်ကြီးဒဏ်သင့် တိုက်၊ အိမ်ရာနှင့် အဆောင် စုစုပေါင်း၂၀ ရှိပြီး လက်ရှိအချိန်အထိ ၉၀ ရာခိုင်နှုန်းကျော် ပြုပြင်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါတိုက်၊ အိမ်ရာနှင့် အဆောင်များတွင် ဝန်ထမ်းမိသားစုများ ပြန်လည်နေထိုင်လျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိသည့် တိုက်၊ အိမ်ရာနှင့် အဆောင်များကိုလည်း ဇွန်လပထမပတ်အတွင်း ရာနှုန်းပြည့်ပြုပြင်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၃၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများရှိအပျက်အစီးများကို မိုးမကျမီဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများ တိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ အဖွဲ့အစည်းအသီးသီးက စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သောအပျက်အစီးများကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ စစ်ကိုင်းမြို့အတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးတို့အတွက် စစ်ကိုင်းမြို့ရှိ ရေနုတ်မြောင်းများ ရှင်းလင်းနေမှု၊ ငလျင်ဘေးဒဏ်ကြောင့် လမ်းဘေးဝဲ/ယာ အပြိုအပျက်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖယ်ရှား ရှင်းလင်းနေမှုများ၊ ရွှေတောင်ဦးမော်ရပ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုမရှိသော ၁၈၇၄ ခုနှစ် ဇွန်လက အိမ်ရှေ့စံ ကနောင်မင်းသားကြီးတည်ဆောက်ခဲ့သည့် စစ်ကိုင်းသံချက်ဖို၊ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် တပ်မတော်ရေသန့်စက်ဖြင့် ဧရာဝတီမြစ်ရေကို သန့်စင်ပြီး ရေသန့်ထုတ်ဝေပေးနေမှုများနှင့် ပါရမီ ရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့် အားကစားကွင်းတွင် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အပျက်အစီးများကို ဖယ်ရှား ရှင်းလင်းနေမှုများကို ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်နှင့် အမရပူရမြို့နယ်တို့ရှိ ဘုရားစေတီများရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုနှင့် ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်နေမှု၊ ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေ အဆောက်အအုံများအား ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိအဆောက်အုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေး ဆောင်ရွက်နေမှု၊ အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများ၌ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် သည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူ ၂၀၇၃၃ ဦးအား ဆန်ရိက္ခာ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့တက်ရောက်၍ ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ငလျင်ဘေးသင့် ပြည်သူများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ကျောက်ဆည်မြို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ ကိုးပင်ကျေးရွာအုပ်စုရှိ အင်ကုန်းဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် ပစ္စည်းဂိုဒေါင် ပျက်စီးမှုတို့အား သွားရောက် ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြစ်သားမြို့နယ် ကူမဲမြို့ရှိ ရွှေဘုံသာကျောင်းဝင်းအတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီများရှိ အပျက်အစီးများအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှု၊ ကူမဲမြို့ရှိ ဗြဟ္မပါလလူမှုကူညီရေးအသင်း ရုံးဝင်းအတွင်း၌ Modular House များဖြင့် ယာယီကျေးလက်ကျန်းမာရေးဆေးခန်း ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် ကူမဲမြို့အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တရားမဝင်အကောက်ခွန်မဲ့ဆိုင်ကယ်များ တင်သွင်းရောင်းချမှု ရှိ/မရှိစစ်ဆေး

ကြံခင်း မေ ၃၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်များတွင် ယနေ့မွန်းလွဲပိုင်းက တရားမဝင် အကောက်ခွန်မဲ့ဆိုင်ကယ်များ ရောင်းဝယ်ခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

စစ်ဆေးဆောင်ရွက်ရာတွင် ကြံခင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြေသိမ်းကျော်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးလှခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ခင်သန္တာထိုက်၊ ပြည်တွင်းအခွန်ဦးစီးဌာနမှ ဦးထွန်းလင်းအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် တရားမဝင်အကောက်ခွန်မဲ့ဆိုင်ကယ်များ တင်သွင်းရောင်းချခြင်း ရှိ/မရှိ စစ်ဆေးရာတွင် ကြံခင်းမြို့ပေါ်ရှိ ဆိုင်ကယ်အရောင်းဆိုင်များဖြစ်သည့် ရွာသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်း စိတ္တသုခအရောင်းဆိုင်၊ ဇေယျာအရောင်းဆိုင်နှင့် မြို့မရပ်ကွက် ကြံခင်း-ဆိပ်သာလမ်း ဂရိတ်(ဝမ်း) ဆိုင်ကယ်အရောင်းဆိုင်တို့ကို သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ်များမှာ အခွန်ပေးဆောင်ပြီး ရောင်းချသောဆိုင်ကယ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်လိုင်စင်မဲ့ဆိုင်ကယ်များအား ရောင်းဝယ်ခြင်းမပြုရန် မှာကြားခဲ့ကြောင်း သိရသည်။ **စူပါဦး**

# မွန်ပြည်နယ်ဝန်ကြီးချုပ် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းခြင်း၊ တောင်သူများမျိုးသန့်မျိုးပွားမျိုးစေ့(RS) ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနား တက်ရောက်



မော်လမြိုင် မေ ၃၁

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ(စမ်းကြီး) ကျောင်းဝင်းအတွင်းနှင့် ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ မြက်များ၊ အမှိုက်များအား ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စာသင်ကျောင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေး ပိုင်းဝန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရိုးဂိုးကျေးရွာ ကွင်းအမှတ်(၈၁၃) တောင်သူဦးမျိုးအောင်၏ လယ်ယာမြေတွင် မော်လမြိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တစ်နှစ်သုံးသီး သီးနှံစမ်းသပ်စိုက်ခင်း၌ တတိယသီးနှံနှမ်း စမ်းသပ်အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား မျိုးသန့်မျိုးပွားမျိုးစေ့(RS) ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးမည့်တောင်သူများကို မျိုးသန့်မျိုးပွားမျိုးစေ့(RS) မျိုးစပါး ပေးအပ်ချီးမြှင့်ခဲ့ပြီး တက်ရောက်လာသောတောင်သူများ၏ တင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းဆောင်ရွက်နေမှုနှင့် Drum Seeder စနစ်ဖြင့် တိုက်ရိုက်မျိုးစေ့ချဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

စည်သူ(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ချောင်းဆုံမြို့နယ် စိုက်ပျိုးရေးသမဝါယမအသင်းများသို့ အထွက်တိုးစပါးမျိုးနှင့် စပါးအစေ့ချကိရိယာများ ပေးအပ်

နေပြည်တော် မေ ၃၁



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးတင်နိုင်စန်းနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာသို့ သွားရောက်၍ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ရွာလွတ်-ကြံခင်း-ကတောင်စိန် ကတ္တရာလမ်း ၂ မိုင် ၅ ဖာလုံတွင် တောင်ပေါ်လမ်း အကွေ့များသောနေရာများ၌ ကွန်ကရစ်လမ်းပခုံးခင်းရမည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြံခင်းကျေးရွာသို့ သွားရောက်ပြီး ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း VDP ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဂါလန် ၁၂၀၀ ဆံ့ အမြင့်တင်ရေစင်နှင့် ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ အိမ်ခြေ ၅၄ အိမ်အတွက် အိမ်သွယ်ရေတိုင်စနစ် သွယ်တန်းပေးနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အဆိုပါကျေးရွာ၏ ရွာတွင်းလမ်း ပေ ၂၀၀၀ ပြုပြင်ဆောင်ရွက်ရန်၊ ဒေသနှင့်ကိုက်ညီသော ဝင်ငွေတိုးစီမံကိန်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်တို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ကွမ်းသဲကျေးရွာသို့ သွားရောက်ပြီး အပ်ချုပ်နည်းပညာသင်တန်း တက်ရောက်အောင်မြင်ခဲ့ပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေကြသည့် သင်တန်းသူများကိုလည်းကောင်း၊ ခရိုက်သစ်ကျေးရွာမှ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း တက်ရောက်အောင်မြင်ခဲ့သော ဒေါ်သိမ့်သီတာဝေ၏ လင်းကြယ်စင်ဖယောင်းတိုင်လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ချောင်းဆုံမြို့နယ် သမဝါယမ ဦးစီးဌာနရုံးသို့ သွားရောက်၍ ချောင်းဆုံမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်းများမှ အမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး သမဝါယမအသင်းခြောက်သင်းအတွက် အောင်နိုင်တိုးအထွက်တိုး စပါးမျိုးများကိုလည်းကောင်း၊ စိုက်နည်းစနစ်ပြောင်းလဲရန်အတွက် အစေ့ချကိရိယာ (Seeder) များကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နတ်မှော်လယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးစောနွယ်၏ လယ်မြေတွင် ရှစ်တန်းသွား အစေ့ချကိရိယာဖြင့်လည်းကောင်း၊ ချောင်းဆုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြုပြင်ဆောင်ရွက်ထားသော ၁၂ တန်းသွား အစေ့ချကိရိယာဖြင့်လည်းကောင်း၊ အောင်နိုင်တိုး စပါးမျိုးများ မျိုးစေ့ချစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မော်လမြိုင်မြို့ သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပထမနှစ် သင်တန်းသား သင်တန်းသူဦးရေ ပြည့်မီရေး၊ တက္ကသိုလ်ကောလိပ် ပေါင်းကူးခွင့်ရရှိသည့် ကျောင်းသား ကျောင်းသူများကို စနစ်တကျ စေလွှတ်ပေးရေး၊ သင်တန်းဆင်း ကျောင်းသားကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ချိတ်ဆက်ပေးရေး မှာကြားကာ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေသော အာရ်စီ သုံးထပ်စာသင်ဆောင်အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများအား အထွက်တိုးမျိုးစပါးများ ထောက်ပံ့

တိုက်ကြီး မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အထွက်တိုးမျိုးစပါးများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက တော်လတီကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်က နိုင်ငံတော်မှ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးကူညီမှုဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ စပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများကို သမဝါယမကဏ္ဍမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းထွန်းက စပါးအထွက်နှုန်းကောင်းမွန်စေရေး မျိုးကောင်းမျိုးသန့်စပါးများကို ရွေးချယ်စိုက်ပျိုးစေလိုကြောင်း၊ ကြဲပက်စိုက်ပျိုးစနစ်မှ Seeder စနစ်ကို ပြောင်းလဲကျင့်သုံးစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းတိုးပြီး တောင်သူများဝင်ငွေတိုးပွားလာကာ လူမှုစီးပွားဘဝမြင့်မားလာခြင်းနှင့် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံမှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်နှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးဧက ၂၆၄၀ အတွက် GW-11၊ ဗီယက်နမ်၊ ဆာဖိုးသာ၊ ထိုင်းနံ့ကောက် အထွက်နှုန်းကောင်း မျိုးစပါးများအား အသင်းသားများလက်ဝယ်သို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)






# လှိုင်ကော်မြို့၌ တောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့များပေးအပ်ပွဲ ကျင်းပ

လှိုင်ကော် မေ ၃၁

ကယားပြည်နယ် အစိုးရအဖွဲ့က တောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက လှိုင်ကော်မြို့ ဟင်းသီးဟင်းရွက်စံပြစိုက်ခင်း၌ ကျင်းပရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းစိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးသန်းလှိုင်က မြေဆီလွှာဂုဏ်သတ္တိတိုးတက်ကောင်းမွန်စေရန် လိုက်နာဆောင်ရွက်ရမည်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ပိုက်ဆံလျှော်စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ လှိုင်ကော်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပဒါးညေး၊ ကယန်းကြခူ၊ လွယ်တမူ၊ (၃)မိုင်ပကြဲကျေးရွာများနှင့် ထေးသမရပ်ကွက်များရှိ တောင်သူများသို့ ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။ ယခု ပေးအပ်ပွဲတွင် တောင်သူ ၆၆ ဦး၏ စနစ်ကျလယ်မြေ ၁၅၅ ဧက အတွက် ပိုက်ဆံလျှော်မျိုးစေ့ ၃၂ တင်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)

# မုတ်သုံလေ အားကောင်းနေခြင်းကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၃၁


ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အာသံပြည်နယ်ကို ဖြတ်ကျော်ခဲ့သော လေဖိအားနည်းရပ်ဝန်း၏ အကြွင်းအကျန်တိမ်တိုက်များကြောင့် လည်းကောင်း ယနေ့ညနေမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန်သတိပေး နှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

ယနေ့ညနေမှ ၂-၆-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




# ဇွန်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၃၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ရှစ်ပေမှ ၁၃ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၁၄ ပေမှ ၁၈ ပေခန့်၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ကိုးပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ ပေမှ ပေ ၂၀ ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ခုနစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့နှင့် ရွှေစာရံတို့တွင် နှစ်ပေခန့်စီနှင့် မြစ်ငယ်မြို့တွင် ၁၀ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ရှစ်ပေခွဲခန့်နှင့် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**



# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲတွင် ဟိုပုံးတပ်နယ်အသင်းက ဒိုင်းဆုရရှိ

**နေပြည်တော် မေ ၃၁**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစား ဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စခန်းရုံးအသင်းနှင့် ဟိုပုံးတပ်နယ် အသင်းတို့၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့် ဟိုပုံးတပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် မေ ၂၀ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကဝမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

ကဝ မေ ၃၁

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများအား မေ ၁၉ ရက်မှစတင်၍ ကဝမြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးတွင် ထုတ်ချေးပေးလျက်ရှိကြောင်းသိရသည်။

**ရှင်းလင်းပြောကြား**

ကဝမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးမင်းနိုင်က တောင်သူဦးကြီးများအနေဖြင့် အချိန်စေ့ချေးငွေပြေကျေမှသာ ချေးငွေအသစ်ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကထုတ်ချေးသော ဖွံ့ဖြိုးရေးချေးငွေ နှစ်တို၊ နှစ်ရှည်ချေးငွေများကိုလည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးခွင့်ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၂၀၂၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများအား ယခင်ချေးငွေ အရင်း၊ အတိုးများပါ ပြေကျေစွာ ပေးဆပ်ပြီးသည့် ကဝမြို့နယ် နဘဲပင်ကျေးရွာအတွင်းမှ တောင်သူ ၁၀၀ အတွက် လယ်မြေတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် လယ်မြေဧက ၆၈၀ အတွက် စုစုပေါင်းငွေကျပ် ၁၀၂၀၀၀၀၀၀ ကို မိုးရာသီစိုက်ပျိုးချိန်အမီ မေ ၁၉ ရက်တွင် ထုတ်ချေးပြီးဖြစ်ကြောင်းနှင့် ချေးငွေအကျေအလည် ပေးဆပ်ပြီးတောင်သူများအား ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မန်နေဂျာထံမှ သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

# ဗဟန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် မေ ၃၁

ဗဟန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်အနောက်ပိုင်းခရိုင် (ဗဟန်း) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဗဟန်းမြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကံဝင်းက အမှာစကားပြောကြားပြီး ဗဟန်းမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲဝင်းနိုင်က အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်းစုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ကြောင်းသိရသည်။



**အောင်မြင့်(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် အဆင့်မြင့်ပညာ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများဖွင့်လှစ်ရန် ပြင်ဆင်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေး

လွိုင်ကော် မေ ၃၁

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများ ဖွင့်လှစ်ရန် ပြင်ဆင်ပြီးစီးမှုအခြေအနေများနှင့် ကန္ဒရဝတီဂေါက်ကွင်း ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)တို့သို့ ရောက်ရှိကာ ကျောင်းဝင်းအတွင်း နယ်မြေခံတပ်ရင်း တပ်ဖွဲ့များ၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ကျောင်းဝင်းအတွင်း စာသင်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းအိပ်ဆောင်များ၊ စားရိပ်သာများ ပြင်ဆင်ဆောင်ရွက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းသို့ ရောက်ရှိကာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများ ကျောင်းဖွင့်ချိန်အမီ စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာများအသင့်ဖြစ်စေရေး၊ ကျောင်းသုံး၊ ရုံးသုံးပရိဘောဂများနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာထားရှိရေးနှင့် သောက်သုံးရေ၊ လျှပ်စစ်မီးများ အဆင်ပြေစေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ လွိုင်ကော်မြို့ ကန္ဒရဝတီဂေါက်ကွင်းသို့ ရောက်ရှိကာ ပြည်နယ်ဝန်ကြီးချုပ်က ဂေါက်ကလပ်အဆောက်အအုံကို အမြန်ပြုပြင်ဆောင်ရွက်သွားရန်၊ ဂေါက်သီးအားကစားပြိုင်ပွဲများ ကျင်းပနိုင်သည်အထိ အမြန်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား(ပထမအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်



နေပြည်တော် မေ ၃၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားမိသားစုဝင် ကျောင်းသားကျောင်းသူများအတွက်(ပထမအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်ကြပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ အခြေခံပညာကျောင်းသား ကျောင်းသူ ၉၃၂၂ ဦးအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံဖွံ့ဖြိုးရေးအတွက် အရည်အသွေးပြည့်မီသော နည်းပညာရှင်များ မွေးထုတ်ဆောင်ရွက်

နေပြည်တော် မေ ၃၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မေ ၂၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ဉာဏ်ရည်တုနည်းပညာ (AI) နှင့် Industrial Internet of Things (IIoT) သင်တန်းတို့တွင် လေ့ကျင့်သင်ကြားလျက်ရှိကြသောသင်တန်းသားများအား နှုတ်ဆက်အားပေးကာ နိုင်ငံတကာ၌ AI နှင့် IIoT တို့ကို စက်မှုကဏ္ဍအပြင် အခြားကဏ္ဍစုံ၌ တွင်ကျယ်စွာ အသုံးပြုလာကြပြီဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် နည်းပညာဖွံ့ဖြိုးမှုအရွေ့များအတိုင်း လက်တွေ့ကျကျ အသုံးချနိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။



ယင်းနောက် ဝန်ထမ်းများထံ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ကျောင်းသန့်ရှင်းသပ်ရပ် သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်းသို့ ရောက်ရှိပြီး သင်တန်းများတွင် လေ့ကျင့်သင်ကြားလျက် ရှိကြသည့် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ထိရောက်မြန်ဆန်စွာ ဖန်တီးပေးနိုင်ရေး နိုင်ငံတော်မှ အခမဲ့သက်မွေးသင်တန်းများ ဖွင့်လှစ်ပေးကာ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်ကို တန်ဖိုးထား လေ့ကျင့်ကြရန်နှင့် နိုင်ငံတော်အပေါ် ကျေးဇူးပြန်ဆပ်သည့်အနေဖြင့် အရည်အသွေးပြည့်မီသည့်နည်းပညာရှင် လူငယ်ကောင်းများဖြစ်စေရေး ရည်မှန်းချက် ချမှတ်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ညနေပိုင်း၌ အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)သို့ ရောက်ရှိပြီး ဇွန် ၂ ရက် ကျောင်းဖွင့်ချိန်အမီ ဌာနများ၊ အလုပ်ရုံများ၌ ပြင်ဆင်ထားရှိမှု အခြေအနေ၊ ကျောင်းသန့်ရှင်း သပ်ရပ်သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကိုယ်ပိုင်ကျောင်းများ လိုက်နာရမည့် စည်းကမ်းချက်များ ရှင်းလင်း

နေပြည်တော် မေ ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ လိုက်နာရမည့်စည်းကမ်းချက်များ ရှင်းလင်းခြင်းအခမ်းအနားကို မေ ၃၁ ရက် နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း သုခပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ နေပြည်တော်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ် ရှစ်မြို့နယ်ရှိ နိုင်ငံတကာသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိကကျောင်း လေးကျောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မှတ်ပုံတင်ဖွင့်လှစ်ခွင့်ရရှိခဲ့သော အမျိုးသားသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိကကျောင်း ၇၃ ကျောင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မှတ်ပုံတင်ခွင့်ရရှိ၍ အသစ်ဖွင့်လှစ်ခွင့်ရရှိခဲ့သော အမျိုးသားသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိကကျောင်း ၁၃ ကျောင်းတို့မှ တည်ထောင်အုပ်ချုပ်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ဇနီး အာဘေးအာခီတို့ ကရင်မလင်နန်းတော်၌ တွေ့ဆုံ



**မော်စကို မေ ၃၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ဇနီး အာဘေးအာခီနှင့် မော်စကိုမြို့တော်ရှိ ကရင်မလင်နန်းတော်၌ မေ ၂၉ ရက်တွင် တွေ့ဆုံသည်။

၂၀၁၆ ခုနှစ်တွင် သမ္မတ ပူတင်သည် ဂျပန်နိုင်ငံသို့ ထိပ်သီးအစည်းအဝေးပွဲတက်ရောက်စဉ် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးနှင့် ဇနီး အာဘေးအာခီတို့သည် ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ယာမာဂူချိစီရင်စုသို့ သမ္မတ ပူတင်နှင့်အတူ သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ အဆိုပါစီရင်စုသည် ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေး၏ ဇာတိမဲဆန္ဒနယ်ဖြစ်သည်။

ရုရှားနိုင်ငံသည် ဂျပန်နိုင်ငံအတွက် အလွန်အရေးကြီးသော အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်ကြောင်းနှင့် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်မှုများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်အတွက် ဝမ်းသာပျော်ရွှင်မိပါကြောင်း အာဘေးအာခီက သမ္မတ ပူတင်နှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ရုရှား-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ပံ့ပိုးကူညီမှုကို ရုရှားက အမှတ်ရကြောင်း ပူတင်က ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပူတင်သည် မော်စကိုရှိ Bolshoi ပြဇာတ်ရုံသို့ အာဘေးအာခီအား ခေါ်ဆောင်ရန် ၎င်း၏ဧည့်ခံကားဖြစ်သည့် Aurus Senat ကို စီစဉ်ပေးခဲ့သည်။

အာဘေးအာခီသည် အမေရိကန်ရွေးကောက်ခံ သမ္မတ ဒေါ်နယ်ထရမ့်အား ၎င်းသမ္မတရာထူး မထမ်းဆောင်မီ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲပြီးနောက် အာဘေးအာခီသည် အခြားနိုင်ငံများနှင့် ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်လိုကြောင်း သူ၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**




# တရုတ်နိုင်ငံက ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် ပစိဖိတ်ကျွန်းနိုင်ငံများအား ဆက်လက်ပံ့ပိုးကူညီသွားမည်

**ပေကျင်း မေ ၃၁**

တတိယအကြိမ်မြောက် တရုတ်-ပစိဖိတ်ကျွန်းနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဖူကျန့်ပြည်နယ် ရှမန်မြို့တွင် ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် ပစိဖိတ်ကျွန်းနိုင်ငံများကို ဆက်လက်ပံ့ပိုးကူညီသွားမည်ဟု ကတိပြုသည်။

တရုတ်နိုင်ငံသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် ပတ်သက်၍ အမေရိကန်နှင့် ကွဲပြားသော ရပ်တည်ချက်ကို ကိုင်တွယ်ပြီး ပစိဖိတ်ဒေသတွင် ၎င်း၏ဩဇာကို အားကောင်းစေရန် ရည်ရွယ်ပုံရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ခီရီဘာတီ၊ ဆော်လမွန်တို့အပါအဝင် ကျွန်းနိုင်ငံ ၁၁ နိုင်ငံမှ အရာရှိများသည် တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ရှမန်မြို့တွင် တွေ့ဆုံခဲ့ကြသည်။

ကုန်သွယ်ရေးနှင့် ဆက်ဆံရေး ခိုင်မာစေရန်၊ ရာသီဥတု ဖောက်ပြန်မှု စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ပစိဖိတ်နိုင်ငံများအတွက် တရုတ်၏ ပံ့ပိုးကူညီမှုကို ဆက်လက်ထောက်ခံအားပေးကြောင်း အစည်းအဝေးပြီးနောက် ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ ထောက်ခံမှုသည် အဆိုပါကိစ္စနှင့်ပတ်သက်၍ တွန့်ဆုတ်နေသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်မှ အမေရိကန်ကို ထရမ့်အစိုးရက နုတ်ထွက်ခဲ့သည့်အပြင် ပစိဖိတ်ဒေသရှိ အမေရိကန်အကူအညီပေးရေးအစီအစဉ်အချို့ကိုလည်း ရပ်တန့်ခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# နိုင်ဂျီးရီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွား၊ အနည်းဆုံး ၂၁ ဦး သေဆုံး

**အဘူဂျာ မေ ၃၁**

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း နိုင်ဂျာပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုကြောင့် အနည်းဆုံး ၂၁ ဦး သေဆုံးပြီး ၁၀ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း ဒေသအာဏာပိုင်များက ယမန်နေ့တွင် ပြောကြားသည်။

မေ ၂၈ ရက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး နိုင်ဂျာပြည်နယ် မော့ခွာဒေသတွင် ပျက်စီးမှုများ ရှိခဲ့ပြီးနောက် လူသုံးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း နိုင်ဂျာပြည်နယ် အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ အကြီးအကဲ အီဘရာဟမ်ဟူဆိုင်နီက သတင်းထောက်များအား ပြောကြားသည်။

လူနေအိမ် ၅၀ ကျော် ရေနစ်မြုပ်ပြီး ရေစီးနှင့်အတူ မျောပါသွားကာ နေအိမ်များအတွင်း နေထိုင်သူများ ရှိနေသေးကြောင်း ဟူဆိုင်နီက ပြောကြားသည်။ ပျောက်ဆုံးနေသူ ၁၀ ဦးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း ပြောကြားသည်။

ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှုဒဏ်ကို လျှော့ပါးသက်သာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ် ဇူဘီဒါအူမာက ယခုသီတင်းပတ်အစောပိုင်းတွင် ပြောကြားသည်။

ရေဘေးကြိုတင်ပြင်ဆင်ရေးဆိုင်ရာ အမျိုးသားအဆင့် လှုပ်ရှားမှုဆိုင်ရာ မိန့်ခွန်းပြောကြားရာတွင် ဇူဘီဒါအူမာသည် မြစ်ချောင်းဒေသများရှိ ရေနုတ်မြောင်းစနစ်များ၊ ဆည်များနှင့် ရေဘေးဒဏ်ခံနိုင်သော အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များက စားနပ်ရိက္ခာလာယူသည့် ပြည်သူများကို သေနတ်ဖြင့် ပစ်ခတ်

**ဂါဇာစီးတီး မေ ၃၁**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များက စားနပ်ရိက္ခာလာယူသည့် ပြည်သူများကို သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် နှစ်ဖက်တင်းမာမှုအခြေအနေမှာ ပိုမိုရှုပ်ထွေးလျက်ရှိကြောင်း သိရသည်။

ဂါဇာ လူသားချင်းစာနာမှုဖောင်ဒေးရှင်းသည် မေ ၂၇ ရက်တွင် အစားအစာများ စတင်ဝေငှခဲ့သည်။ ကုလသမဂ္ဂမှ ပေးပို့သော ကယ်ဆယ်ရေး အထောက်အပံ့များကို ဟားမတ်စ်တို့က ခွဲဝေယူဆောင်လျက်ရှိကြောင်း အစ္စရေးနှင့် အမေရိကန်တို့က အခိုင်အမာပြောကြားပြီးနောက် ယင်းလှုပ်ရှားမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖောင်ဒေးရှင်းသည် ဒေသအတွင်း၌ ဖြန့်ဖြူးရေးနေရာနှစ်ခုသတ်မှတ်ကာ စားနပ်ရိက္ခာများကို ထောက်ပံ့ပေးခဲ့ကြောင်း မေ ၂၈ ရက်တွင် ကြေညာသည်။

စားနပ်ရိက္ခာများယူဆောင်ရန် စောင့်ဆိုင်းနေသည့် ပြည်သူသုံးဦးအား အစ္စရေးစစ်သားများက ပစ်သတ်ခဲ့ကြောင်း ဂါဇာရှိ အာဏာပိုင်များက ပြောကြားသည်။ အဆိုပါသေဆုံးမှုဖြစ်ပွားပြီးနောက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဂါဇာ၌ စားနပ်ရိက္ခာ အကျပ်အတည်းနဲ့ပတ်သက်ပြီး မေ ၂၈ ရက်တွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂါဇာ လူသားချင်းစာနာမှု ဖောင်ဒေးရှင်းတွင် အခြားနိုင်ငံများ ပါဝင်ရန် အမေရိကန်နှင့် အစ္စရေးတို့က တောင်းဆိုခဲ့သော်လည်း နိုင်ငံများက ဝေဖန်မှုများနှင့် တုံ့ပြန်ခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ ပါလက်စတိုင်းသံအမတ်ကြီး ရီယက်မတ်ဆာက ဂါဇာကမ်းမြောင်ဒေသတွင် ကလေးငယ်များ တော်မွတ်ခေါင်းပါးပြီး သေဆုံးနေရကြောင်း မျက်ရည်စက်လက်ဖြင့် ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ လူသားချင်းစာနာမှုဖောင်ဒေးရှင်းစတင်သည့်အချိန်မှစပြီး အသေအပျောက်များစွာရှိကြောင်းနှင့် အကူအညီမဲ့ပြည်သူများအတွက် ထိရောက်မှုမရှိကြောင်း ဗြိတိန်သံအမတ်ကြီး ဂျိမ်းစ်ကာရီကီက ပြောကြားသည်။

နိုင်ငံတကာ၏ ဖိအားသည် အစ္စရေးနိုင်ငံအပေါ်တွင်သာ ကျရောက်လျက်ရှိပြီး ဟားမတ်စ်တို့အပေါ် ဖိအားပေးမှုမရှိကြောင်းနှင့် အဆိုပါဖိအားများကြောင့် ပဋိပက္ခကို ပိုမိုကြာရှည်စေခြင်းဖြစ်ကြောင်း အစ္စရေးသံအမတ်ကြီး ဒါနေဒါနွန်က တုံ့ပြန်ပြောကြားသည်။

ဂါဇာ လူသားချင်းစာနာမှုဖောင်ဒေးရှင်း၏ လက်ရှိကျင့်သုံးလျက်ရှိသော အစားအစာဝေငှသည့်စနစ်သည် မည်သည့်အကြမ်းဖက်သမားများလက်သို့ရောက်ရှိခြင်းမရှိဘဲ ပြည်သူများထံသို့ တိုက်ရိုက်ပေးပို့ကူညီသည့်စနစ်ဖြစ်ကြောင်း ယာယီအမေရိကန်ကိုယ်စားလှယ် ဂျွန်ကယ်လီက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၃၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၂၉ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောက်မြို့နယ် အနော်ရထာတံတား စစ်ဆေးရေးဂိတ်၌ ရေယာဉ်တစ်စင်းပေါ်မှ တရားမဝင် စက်သုံးဆီ ရေနံချက်ဆီ ပီပါ ၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် ရေဘုရင်ကြီး(၁) ရေယာဉ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၃၇၀၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၃၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သံလွင်တံတား(တရုတ်လှဘက်ခြမ်း)ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၈၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hyundai Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၈၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု ပုလဲ(၂) ရပ်ကွက် အောင်သပြေလမ်း အမှတ်(၂၀၀)ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၀၆၁၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၉၃၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ဗန်းမော်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၈၃၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မြစ်ငယ်တံတားအကျော် မီးရထားသံလမ်းအနီး၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၈၆၁၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အမှတ်(၂)လမ်းမကြီး စီးပွားရေးတက္ကသိုလ်အနီး၌ သိမ်းဆည်းရမိမှု။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမှတ်(၂)လမ်းမကြီး စီးပွားရေးတက္ကသိုလ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၄၈၇၇၇၅)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၂၈၇၇၇၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၃၁ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်-ကျိုင်းတုံ ကားလမ်း မလိပါကောလမ်းဘေး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၅၆၆၉၁၇၅) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၃၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Hnoung Hnoung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာနေ နှောင်းနှောင်းအား ညနေ ၄ နာရီခွဲတွင် ထားဝယ်မြို့ မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၆-၂၀၂၅ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော်(မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ရောက်လာတော့မည့်ကျောင်းဖွင့်ချိန်
- ၀၉:၂၀ ကာတွန်းအစီအစဉ် 'ချစ်စရာ သိုးဝိသားစု' (အပိုင်း-၄)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၃၀ 'ရွှေမိုးပဖျှန်' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၃:၁၀ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် 'ကြည်ဖြူ'
- ၁၆:၄၀ Sports Diary
- ၁၇:၀၅ ထူးခြားစုံလင် အာရုပစိဗိတ်အစီအစဉ်
- ၁၇:၃၀ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၅ခုနှစ်၊ မေလ)(ပထမပိုင်း)
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုသားနောက်ကွယ်' (အပိုင်း-၁၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'ကိုယ်တွေ့ဘဝစာမျက်နှာများနှင့် သရုပ်ဆောင်ဇော်မိုး' (အပိုင်း-၁)
- ၂၁:၂၅ ဆေးရောင်စုံရုပ်ရှင် 'ဆန်ငရ'

**mitv**

- 07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:11 The Majestic Maravijaya Buddha Image (3)
- 07:40 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-1)
- 08:01 News
- 08:27 The 6 Pillars of the Mekong river Program; Importance of the Mekong River
- 08:44 Traditional Myanmar Theatrical Performance
- 08:53 Our School
- 09:01 Shining Star (Ep-4)
- 09:29 Today Myanmar: Let's Plant Trees for the Healthy Planet

**Me**

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ကချင်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်အပြုံးနဲ့အမုန်း' (အပိုင်း-၂၂)
- ၀၇:၄၀ စတီရီယိုတေးများ
- ၀၈:၁၀ ဇာတ်သဘင် 'မဟောသထနှင့် အဗရာဒေဝီဇာတ်တော်'
- ၀၉:၀၅ ချစ်စရာအရွယ်ကစားကြမယ် 'Top Kids Preschool နှင့် Success Preschool'
- ၀၉:၃၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'ဝလန်းဝလန်းဖြစ်တဲ့အချစ်'

**MRTV NRC**

- ကယား (၀၆:၀၀ မှ ၀၈:၀၀) တောင်ပေါ်ဒေသရိုးရာဟင်း (ပိန်းသီးနှင့်ဝက်သားဟင်း)
- ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀) သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၈)
- အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀) ထီလာပုဂံ
- အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀) နည်းမှန်စိုက်ပျိုးဝင်ငွေတိုး(သခွားစိုက်ပျိုးနည်း)
- ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀) ရွာစောင်းလက်ပက်ရဲ့အစွမ်း
- ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀) ချင်းရိုးရာပြတိုက်
- မွန် (၁၃:၀၀ မှ ၁၅:၀၀) ကြက်သွန်ဖြူစားခြင်း၏ကျန်းမာရေးအကျိုးကျေးဇူး
- ရခိုင် (၁၅:၀၀ မှ ၁၇:၀၀) တို့ရွာအလှနဲ့ရာသီစာ(အပိုင်း-၁)
- ရှမ်း (၁၇:၀၀ မှ ၁၉:၀၀) ရွှေချမ်းသာဖောင်တော်ဦးဘုရားပွဲတော်
- ဝ (၁၉:၀၀ မှ ၂၁:၀၀) ကွမ်းရွက်စိုက်ပျိုးခြင်း
- ကချင် (၂၁:၀၀ မှ ၂၃:၀၀) ဟင်းသီးဟင်းရွက်စိုက်ခင်းဆီသို့ (နောင်တာလောစိုက်ခင်း)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ Next Level
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ စူးစမ်းရှာဖွေရေးဟောင်းအမွေ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (စင်ကာပူနိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၅)

**MRTV FARMERS' HD**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြိုးစားဖို့ စိုက်ပျိုးရေး သိပ္ပံကျောင်းကို ရွေးချယ်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Livestock on the Land
- ၁၈:၄၅ The Birth of Sake
- ၂၀:၀၀ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်(ဇာတ်လမ်း)
- ၂၂:၀၀ Hachi A dog's Tale (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၀၇:၄၀ Weekend News
- ၁၂:၀၀ FIFA MFF U-19 Youth League (Replay) (VUC ULAD & WINNER SOCCER)
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တောင်ကြီးမြို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လမ်းတိုးချဲ့နေမှု ကြည့်ရှုစစ်ဆေး



တောင်ကြီး မေ ၃၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့်အတူ ယမန်နေ့ညနေပိုင်းက တောင်ကြီးမြို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် သစ်တောရပ်ကွက်ရှိ ယာဉ်ငယ်ဂိတ်၊ ရထားသံလမ်းအနီး နေမင်းရောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ကတ္တရာလမ်း တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆွက်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လေးမိုင်ကွေ့-နောင်ထလီ-ညီမီး-နောင်ပနား ဗွား၊ လင်ကွင်းထိရီ(မွေးမြူရေးဇုန်) ရွှေညောင်လမ်းနှင့် တောင်ကြီးမြို့ ဂနိုင်ကန်(၃)၊ ကန်အတွင်း ရေထိန်း တံခါးတပ်ဆင်ထားရှိမှုနှင့် မြစည်းရိုးကာရံမည့်နေရာ၊ သစ်ပင်စိုက်ပျိုးမည့်နေရာ၊ တောင်ကြီးမြို့ရေထွက် ဦးလမ်း ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ လမ်းဘေးရေနုတ်မြောင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ခြင်၊ ယင်၊ ပိုးလောက်လမ်းများ မပေါက်ပွားနိုင်စေရန် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများက အပတ်စဉ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး အလက-၇ ရှိ သောက်ရေသန့်စက်များ ပြန်လည်ပြုပြင်အသုံးပြုနိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးဝင်းဇေ ကျိုင်းတုံ-လွယ်မွေလမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လွယ်မွေ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဆင့်မြှင့်တင်ရန်အတွက် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဇေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံ-လွယ်မွေ လမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လွယ်မွေ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဆင့်မြှင့်တင်ရန်အတွက် ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာဒုတိယဝန်ကြီးသည် ကျိုင်းတုံ-လွယ်မွေလမ်း(ကျိုင်းတုံ-နမ့်လပ်အပိုင်း) ၁၄ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းမည့်အပိုင်းနှင့် လမ်းကြံ့ခိုင်မှုများအတွက် အရည်အသွေးပြည့်မီခြင်း ရှိ/မရှိ လမ်းတစ်လျှောက်ကွင်းဆင်း၍ အသေးစိတ်တိုင်းတာ ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရာဂီမုန်တိုင်းကြောင့် ချောင်းရေကြီးပြီး ပျက်စီးခဲ့သည့် နမ့်လပ်ချောင်းကူး အရှည်ပေ ၆၀ ရှိ နှစ်လွှာတစ်ထပ် ဘေလီတံတား ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကာ အကွေ့များတွင် လမ်းအကျယ် လုံလောက်မှုရှိစေရေး၊ သတ်မှတ်အရည်အသွေးပြည့်မီရေးနှင့် လမ်းရေရှည်ကြံ့ခိုင်ရေးအတွက် လိုအပ်သောနေရာများတွင် ကတ္တရာရေပိတ်လွှာများ လောင်းထားရန်၊ လမ်းလုပ်ငန်းမှ ထွက်ရှိသည့် စွန့်ပစ်မြေနှင့် ကျောက်များရှိပါက လမ်းဘေးအနီးတစ်ဝိုက်ရှိ ကျေးရွာများ၏ စိုက်ပျိုးမြေနှင့် ခြံဝင်းများ ထိခိုက်မှုနှင့် အတားအဆီးများ မဖြစ်စေရေး ဂရုပြုဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လွယ်မွေ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး တိုက်နယ်ဆေးရုံ အဆင့်မြှင့်တင်ရန်အတွက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခေတ္တပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတိုးမောင်က အဆင့်မြှင့်တင်ရန်လိုအပ်သည့် ဆေးရုံအခန်းဖွဲ့စည်းပုံ လျာထားချက်များနှင့် လုံလောက်သည့် ဆေးကုသမှုအခန်းများ ရရှိရေး ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နံရံများတွင် ရေယိုမှုမရှိစေရေးအတွက် ရေလုံဆေးသုတ်ရန်၊ လွယ်မွေတိုက်နယ်ဆေးရုံမှာ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံဖြစ်၍ ရှေးမူလက်ရာမပျက် ပြုပြင်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မေ ၃၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အပါအဝင် မြို့နယ် ၂၂ မြို့နယ်၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့သစ်ရပ်ကွက် လေယာဉ်ကွင်းလမ်းတစ်လျှောက်၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# မရမ်းကုန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်

မရမ်းကုန်း မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက်အတွင်းရှိ အခြေခံပညာကျောင်းများတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ဦးဆောင်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်တာဝန်ရှိသူများ ပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါအန္တရာယ်မှ ကင်းဝေးစေရန် ရေသိုလှောင်ကန်များ၊ ရေတိုင်ကီများတွင် အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်နှင့် ပိုစတာများဖြန့်ဝေခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုရဲ(ပြန်/ဆက်)

# ပညာခေတ်မှာပညာရှာဖို့ ကျောင်းအပ်နှံကြပါစို့

ညွန့်ဝင်း (နတ်တလင်း)



ပညာ၊ အတတ်ပညာ အရည်အသွေးမြင့်မားပြီး အောင်မြင်သောဘဝကို တည်ဆောက်နိုင်သူဖြစ်အောင် သင်ယူလေ့ကျင့်စေရမည်။ ပညာမတတ်လျှင် အတွေးအခေါ်၊ အလုပ်အကိုင် စနစ်ကျမှန်ကန်မှု မရှိနိုင်။ ထို့ကြောင့် ပညာရယူနိုင်မှု၏ နည်းလမ်းအခြေခံဟုဆိုနိုင်သော အခြေခံပညာရေးကို သင်ယူတတ်မြောက်နိုင်အောင် မိမိ၏သားသမီးကို အချိန်မီကျောင်းပို့နိုင်ရေးသည် မိဘတိုင်းလုပ်ဆောင်ရမည့်တာဝန်ဖြစ်သည်။ အခြေခံပညာကျောင်းများသို့ အပ်နှံသင်ကြားနိုင်ရေးအတွက် မိဘများနှင့် ကျောင်းသားကျောင်းသူများကို နိုင်ငံတော်အစိုးရကများစွာ ကူညီထောက်ပံ့ပေးလျက်ရှိသည်။ အခြေခံပညာကဏ္ဍ၏ ပညာရေးအဆောက်အအုံလိုအပ်ချက်များ၊ စာအုပ်စာတမ်းနှင့် စာရေးကိရိယာများ၊ ကျောင်းအလိုက် ပညာရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေများကို ပထမအကြိမ်၊ ဒုတိယအကြိမ်ဟူ၍ ပညာသင်နှစ်တစ်နှစ်လျှင် နှစ်ကြိမ် ခွဲခြားသတ်မှတ်ပေးအပ်ထောက်ပံ့လျက်ရှိရာ ဆင်းရဲချမ်းသာ လူတန်းစားမရွေး အခြေခံပညာကို သင်ယူနိုင်ပေသည်။ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးနိုင်ရန် စီမံထားခြင်းဖြစ်၍ ကျောင်းသားကျောင်းသူတိုင်း မပူမပင် မကြောင့်မကြ တက်ရောက်သင်ယူနိုင်ပါသည်။ ထို့ကြောင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနက သင်ကြားရေးဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများ၊ မြို့နယ်ပညာရေးမှူးများနှင့် ပညာရေးဝန်ထမ်းများကို သင်ကြားမှု အုပ်ချုပ်မှု စွမ်းရည်မြှင့်သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ အခြေခံပညာရေးတွင် KG မှ Grade 12 အထိ တန်းစေ့စနစ်သစ်သင်ရိုးပြည့်ဖြင့် သင်ကြားလာခဲ့သည်မှာ တတိယမြောက်နှစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ အဆင့်ဆင့်သော အခြေခံပညာကျောင်းများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ကျောင်းအဆောက်အအုံများကို ဘတ်ဂျက်နှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နှစ်စဉ်လိုအပ်မည့် ကျောင်းသုံးစာရေးခုံ၊ ထိုင်ခုံနှင့် ပရိဘောဂများ၊ စာအုပ်စာတမ်းများ၊ မူလတန်းဆင့် ယူနီဖောင်းဝတ်စုံများ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ ကျောင်းဖွံ့ဖြိုးမှုရန်ပုံငွေ (School Improvement Funds) များ၊ ကျောင်းကျန်းမာရေးအထောက်အပံ့ အစီအစဉ်များကို နိုင်ငံတော်က ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

### ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများကို ရရှိအောင် စီမံဆောင်ရွက်

စနစ်သစ်အခြေခံပညာရေးသင်ခန်းစာများကို အတွေးအခေါ်ပိုင်း၊ အတတ်ပညာပိုင်း ဦးစားပေးစနစ်ဖြင့် အရှိန်အဟုန်မပျက် ဆွေးနွေးသင်ကြားစစ်ဆေးသွားမည်ဖြစ်သည်။ အနာဂတ်လူငယ်များ ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးနှင့် အလုပ်ခွင်အတွက် မရှိမဖြစ်လိုအပ်သော ၂၁ ရာစုကျွမ်းကျင်မှုများ ( 21st Century Skills ) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills) ကိုရရှိအောင် စီမံဆောင်ရွက်လျက်ရှိပါသည်။ သင်ယူမှုအတွက် လိုအပ်သောကျွမ်းကျင်မှုများကို C – ၅လုံး(5C's) ဟု သတ်မှတ်ထားပြီး ယင်းC–၅လုံးမှာ– (၁) ပူးပေါင်းဆောင်ရွက်ခြင်း/အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း (Collaboration/ Group Work)၊ (၂) ဆက်သွယ်ပြောဆိုခြင်း (Communication) (၃) လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)၊ (၄) တီထွင်ဖန်တီးခြင်း (Creativity and Inovation)၊ (၅) နိုင်ငံသားကောင်းစိတ်ဓာတ်ရှိခြင်း (Citizenship) တို့ဖြစ်သည်။ ထို C–၅ လုံး ကျွမ်းကျင်မှုများရရှိအောင် သင်ကြားပေးခြင်းဖြင့် ကျောင်းသားလူငယ်များကို အုပ်စုဖြင့် လုပ်ငန်းပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်တတ်ပြီး အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေရအောင် အတူရှာဖွေတတ်သည့် ကျွမ်းကျင်မှုများ၊ အချင်းချင်း နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်း စသည့်ကျွမ်းကျင်မှုများ၊ ပြဿနာများ၏အဖြေများကို ရှာဖွေနိုင်ခြင်းနှင့် အမှားပြင်ဆင်နိုင်ခြင်း ကျွမ်းကျင်မှုများ၊ အတွေးအခေါ် အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကို ဖြေရှင်းတတ်ရန် ဘောင်ခတ်ထားသည့်အခြေအနေမှ ပြင်ပသို့ထွက်၍ တွေးခေါ်နိုင်ခြင်း ကျွမ်းကျင်မှုများ၊ ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းမည့် စိတ်ဓာတ်ရှိခြင်းစသည့် ကျွမ်းကျင်မှုများရရှိစေမည်ဖြစ်သည်။

အခြေခံပညာကျောင်းများ အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်နိုင်ရန် ပညာရေးဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုများတွင် အခြေခံပညာကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံရေး စီမံချက်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၂၀၂၅ ခုနှစ် မေလ ၂၂ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ်သတ်မှတ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်သင်ယူနိုင်ဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသောဆောင်ပုဒ်ဖြင့် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံနိုင်ရေး နှိုးဆော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံသားတို့၏ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် များစွာမူတည်သည်။ ပညာမြင့်မှ လူမျိုးတင့်မည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ပညာမြင့်ရန် ပညာရေး၏ နိဒါန်းအစဖြစ်သော အခြေခံပညာရေးမှစ၍ စနစ်တကျ မြှင့်တင်ဆောင်ရွက်နေပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏ မျိုးဆက်တစ်ခုလုံး ပညာရည်မြင့်မားမှသာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့လူ့ဘောင်ကို ဖော်ဆောင်နိုင်ပေမည်။ တစ်မျိုးသားလုံးပညာရည်မြင့်မားအောင် ဆောင်ရွက်ရာ၌ အခြေခံပညာရေးသည် ပဓာနကျသည်။ အခြေခံပညာရေးသည် ပညာရေးအဆောက်အအုံကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည်။ အခြေခံပညာရေးအုတ်မြစ်ခိုင်မာတောင့်တင်းမှသာ တစ်သက်တာပညာရေးအဆောက်အအုံကြီး တိုးတက်ကောင်းမွန်နိုင်ပေမည်။ အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ အခြေခံပညာရေး ပြည့်ဝကောင်းမွန်အောင် နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ထမ်းများ၊ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အခြေခံပညာရေးကို တိုးတက်အောင်မြင်အောင် ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရပေမည်။ တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏ဆိုသကဲ့သို့ အားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုလျှင် အခြေခံပညာကဏ္ဍ ပညာရေးရည်မှန်းချက်များ အောင်မြင်တိုးတက်လာမည်ဖြစ်သည်။

### ပညာ၏အဓိပ္ပာယ်

မြန်မာအဘိဓာန်၌ ပညာ၏အဓိပ္ပာယ်ကို "ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်၊ အတတ်"ဟူ၍ ဖွင့်ဆိုထားပါသည်။ စာသည် ပညာဟု ပြီးပြည့်စုံစွာ မသတ်မှတ်နိုင်သော်လည်း စာတတ်မှသာ ပညာရပ်များကို အချိန်အပိုင်းအခြားတစ်ခုအတွင်း များများနှင့် မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် လေ့လာသင်ယူနိုင်သည်။ အသိပညာ၊ အတတ်ပညာများကို လိုသလိုလေ့လာနိုင်သည်။ ထိုသို့ လေ့လာသင်ယူနိုင်မှ အသိပညာ၊ အတတ်ပညာများ ခေတ်နှင့်အညီ မြင့်မားတိုးတက်လာမည်။ အသိပညာမြင့်မားသည်နှင့် အကောင်း အဆိုး၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်မည်။ မှန်ကန်သောအတွေးအခေါ်နှင့် မှန်ကန်သောလုပ်ရပ်ကို လုပ်ကိုင်နိုင်မည်။ ထို့ကြောင့် အခြေခံပညာရေးတွင် သင်ကြားလေ့ကျင့်ပေးမည့် ဘာသာရပ်သင်ခန်းစာများသည် ကျောင်းသားကျောင်းသူတိုင်း မဖြစ်မနေ သင်ယူရမည့်ဘဝလိုအပ်ချက်များဖြစ်သည်။ ပညာတတ်သူ၏ အတွေးအခေါ်၊ လုပ်ရပ်များသည် ပညာမတတ်သူ၏ အတွေးအခေါ်၊

> **စနစ်သစ်အခြေခံပညာရေးသင်ခန်းစာများကို အတွေးအခေါ်ပိုင်း၊ အတတ်ပညာပိုင်း ဦးစားပေးစနစ်ဖြင့် အရှိန်အဟုန်မပျက် ဆွေးနွေးသင်ကြား စစ်ဆေးသွားမည်ဖြစ်သည်။ အနာဂတ်လူငယ်များ ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးနှင့် အလုပ်ခွင်အတွက် မရှိမဖြစ်လိုအပ်သော ၂၁ ရာစုကျွမ်းကျင်မှုများ ( 21st Century Skills ) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills) ကိုရရှိအောင် စီမံဆောင်ရွက်လျက်ရှိပါသည်။ သင်ယူမှုအတွက် လိုအပ်သောကျွမ်းကျင်မှုများကို C - ၅လုံး(5C's) ဟု သတ်မှတ်ထား**

လုပ်ရပ်များနှင့် မတူနိုင်ပေ။ ပညာတတ်သူသည် အကြောင်းကိစ္စတစ်ခုကို တွေ့ကြုံရင်ဆိုင်ရသည့်အခါ အခြေအမြစ်ကျကျလေ့လာ၍ စဉ်းစားတွေးခေါ်သည်။ ၎င်းမှ ရရှိသည့်အချက်အလက် အတွေးအခေါ်များအပေါ်မူတည်၍ အမှန်အမှား ခွဲခြမ်းစိတ်ဖြာသည်။ အမှန်အမှားခွဲခြားပြီးနောက် အမှားကိုပယ်ပြီး အမှန်လမ်းစဉ်အတိုင်း လျှောက်လှမ်း၍ မှန်သောအလုပ်များကို လုပ်ကိုင်သည်။ ထို့ကြောင့် ထိုသူ၏ဘဝသည် တိုးတက်မြင့်မားလာသည်။

### အချိန်မီ ကျောင်းပို့နိုင်ရေးသည် မိဘတိုင်းလုပ်ဆောင်ရမည့်တာဝန်ဖြစ်

မိဘတို့သည် သားသမီးတို့ကို မွေးဖွားပေးရုံ၊ ကျွေးမွေးစောင့်ရှောက်ပေးရုံနှင့် တာဝန်မကျေပါ။ မိမိ၏သားသမီးကို လိမ္မာယဉ်ကျေးအောင်၊ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံအောင် လမ်းညွှန်သင်ကြားပေးနိုင်ရမည်။ တစ်နည်းအားဖြင့် အသိ

အုပ်ထိန်းသူမိဘတို့၏တာဝန်မှာ မိမိတို့၏သားသမီးများ အနာဂတ်ဘဝအရေးကို တွေးခေါ်မြော်မြင်လျက် မှန်ကန်သော အသိအမြင်ဆုံးဖြတ်ချက်များနှင့် အချိန်မီ ကျောင်းအပ်နှံကြရပါမည်။

အတိတ်သမိုင်းတွင် မြန်မာနိုင်ငံ နယ်ချဲ့တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့စဉ်က မြန်မာ့ပညာရေးကို ဖိနှိပ်ခံခဲ့ရသည်။ ပညာသင်လိုသူတိုင်း ပညာသင်ခွင့်မရရှိပေ။ နယ်ချဲ့တို့က မြန်မာတို့ ပညာတတ်မည်ကိုမလိုလားပေ။ ပညာတတ်၍ အသိဉာဏ်ပွင့်လင်းလာပါက မိမိတို့ကို ပြန်လည်ခုခံခြင်း၊ ဖိနှိပ်အုပ်ချုပ်၍မရခြင်းတို့ဖြစ်မည်ကို နယ်ချဲ့တို့သိသောကြောင့်ဖြစ်သည်။ သို့သော်လည်း မျိုးချစ်မြန်မာတို့က အမျိုးသားကျောင်းများ တည်ထောင်၍ ပညာသင်ခဲ့ကြသည်။ ပညာတတ်မှ သူ့လက်အောက်မကျမည်ကို မြန်မာတို့ ကောင်းကောင်းသိခဲ့ကြသည်။


စာမျက်နှာ ၁၇ သို့




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဖူးပွင့်ဝေသော အသပြာ





ညီညီပိုင်၏ ဖူးပွင့်ဝေသော အသပြာ စာအုပ်ထွက်ရှိလာသည်။ အဆိုပါစာအုပ်တွင် ဘဝတစ်သက်တာလုံး အဆင်ပြေစွာနေထိုင်နည်း၊ ကြီးပွားလိုလျှင်၊ အစီအစဉ်တကျလုပ်ပါ၊ ဖြည်းဖြည်းသက်သာ ပြောဆိုပါ၊ စိတ်ချမ်းသာအောင် အကျိုးဆောင်ပါ၊ မနက်ဖြန်တိုင်းအတွက် အကောင်းဆုံးကြိုဆိုပါ၊ အရှုံးထဲမှ အမြတ်ထုတ်ခြင်း၊ လွယ်လွယ်နဲ့ အရှုံးမပေးပါနဲ့၊ ငွေသည် အရာရာကိုမဖန်တီးနိုင်၊ မိမိစိတ်ကို မြှင့်တင်နည်း၊ ချေးငွေနှင့် ကြွေးငွေသတိပြု၊ တက်လမ်းကိုရှာဖွေကြသူများ၊ စာဖတ်မှ တိုးတက်မည်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါ၊ အလိုအပ်ဆုံး မိတ်ဆွေကောင်းရှာပါ၊ ရည်မှန်းချက်ပန်းတိုင်ထားရှိပါ၊ လုပ်ငန်းခွင်နှင့်ဘဝ မျှတပါစေ၊ အရာရာတိုင်းကို မလိုချင်ပါနဲ့၊ သံသယကင်းပါစေ၊ အနာဂတ်အတွက် ရိုးသားဖြောင့်မတ်ပါ၊ ကိုယ်တိုင်ဦးဆောင်နိုင်အောင် သင်ကြားပါ၊ မတူလျှင် မတုပါနဲ့၊ ဘယ်တော့မှ မတင်းတိမ်ပါနဲ့၊ အလုပ်ကိုသာ အာရုံစိုက်ပါ စသည့် အကြောင်းအရာ ၅၄ ပုဒ်ပါရှိသည်။

လုပ်ငန်းခွင်နှင့်ဘဝ မျှတပါစေဆိုသည့် ခေါင်းစဉ်အောက်တွင် လက်တွေ့ဘဝမှာ အလုပ်ကအရေးကြီးသလို မိသားစုဘဝကလည်း အရေးကြီးပါတယ်။ အလုပ်ကိုဦးစားပေးတဲ့ အစွန်းတစ်ဖက်ရောက်သွားတဲ့အခါ မိသားစုဘဝကို ထိခိုက်စေနိုင်ပါတယ်။ မိသားစုဘဝပျော်ရွှင်အောင် အဆင့်အတန်း တိုးတက်မြင့်မားအောင် မိမိကမေတ္တာနဲ့အတူ ဦးဆောင်မှုပေးဖို့လိုအပ်ပါတယ်။ ငွေကြေးတစ်ခုတည်း ရှာဖွေပုံပိုးတာနဲ့ မပြည့်စုံနိုင်ကြောင်း ဖော်ပြထားသည်။

စာအုပ်ကို ဦးအောင်ရွှေစံ၊ အမှတ် (၃၃၆)၊ (၇)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၀၀၀ သတ်မှတ်ထားသည်။

## အလှမြေရဲ့ ကဗျာတေး

### ကလေးကဗျာများ




ကန်မြဲချစ်မင်းဝေရေးသားသည့် အလှမြေရဲ့ ကဗျာတေး ကလေးကဗျာများစာအုပ် ထွက်ရှိလာသည်။

ကန်မြဲချစ်မင်းဝေ၏ အလှမြေရဲ့ ကဗျာတေး ကလေးကဗျာများ စာအုပ်မှ ကဗျာအများစုသည် အသံသာပြီး ရွတ်ဆိုရလွယ်ကူသော သံပေါက်ကဗျာစပ်နည်းများဖြင့် ရေးစပ်ထားသည်။

ကလေးကဗျာရေးရသည်မှာ ခက်ခဲပါသည်။ အကြောင်းအရာသည် ကလေးများစိတ်ဝင်စားဖွယ်ဖြစ်ရခြင်း၊ ကလေးများ၏ မျက်မြင်ကိုယ်တွေ့ လူမှုပတ်ဝန်းကျင်နှင့် ဆက်စပ်မှုရှိစေရခြင်း၊ စကားလုံး၊ အနက်အဓိပ္ပာယ် ရိုးရှင်းလွယ်ကူစွာ သိမြင်နိုင်စေရခြင်း၊ ရွတ်ဆိုရာတွင် အသံသာကာ အာတွေ့စေရခြင်း၊ ကလေးတို့နှင့်လိုက်ဖက်မည့် အသိအမြင်တစ်ခုခု ပေးနိုင်ရခြင်းတို့ဖြင့် ပြည့်စုံမှသာလျှင် ကလေးကဗျာကောင်းတစ်ပုဒ် ဖြစ်လာပါလိမ့်မည်။

ကဗျာဖတ်၍ ကလေးများ ဘဝအသိ၊ အတတ်ပညာရရှိနိုင်ကြမည်ဖြစ်သည်။ အနုပညာဖြင့်သင်ကြားခြင်းသည် ကလေးများ၏ဦးနှောက်နှင့် နှလုံးသားကို ပိုမိုထိရောက်စေသည်။

စာအုပ်ကို ရှင်မတောင်စာပေ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈၊ အမှတ် ၂၈(က)၊ ၁/အနော်မာ ၃ လမ်း(အနောက်)၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၉၀၀၀ ဖြင့် ထုတ်ဝေသည်။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်း ရေပြင်ရှာဖွေကယ်ဆယ်ရေး စုဖွဲ့ဇာတ်တိုက်လေ့ကျင့်မှု သင်တန်းဆင်းပွဲတက်ရောက်

တပ်ကုန်း မေ ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် နေပြည်တော် ကောင်စီ၏ လမ်းညွှန်ချက်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရေပြင်ရှာဖွေကယ်ဆယ်ရေး စုဖွဲ့ဇာတ်တိုက်လေ့ကျင့်မှု သင်တန်းဖွင့်လှစ်သင်ကြားခဲ့ရာ ရေပြင်ရှာဖွေကယ်ဆယ်ရေး စုဖွဲ့ဇာတ်တိုက်လေ့ကျင့်မှုသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၃၁ ရက် ညနေ ၄ နာရီက အဆိုပါသင်တန်းကို အောင်းကြီးကန်တွင် ကျင်းပခဲ့သည်။



သင်တန်း ဆင်းပွဲတွင် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပရဟိတစိတ် အပြည့်ရှိကြသော သင်တန်းများကို အထူးလေးစားပါကြောင်း၊ ရေပြင် အသက်ကယ် နည်းစနစ်များ၊ လှေလှော်၊ စက်လှေမောင်းနည်း စနစ်ပညာရပ်များ တတ်ကျွမ်းမှုသည် မိမိမြို့ရွာအတွက် များစွာ အကျိုးရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ပေါ်ပေါက်လာပါက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ပြီး ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်ရေး ရှင်းလင်းမှာကြားခဲ့သည်။ သင်တန်းသားများက စက်လှေများကို မြားဦးပုံဖော်ကာ ချီတက်အလေးပြု၍ စုဖွဲ့ဇာတ်တိုက် လေ့ကျင့် ဆောင်ရွက်ခဲ့ပြီးနောက် နေပြည်တော် ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးဇေယျာလင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် MSME အသင်းဥက္ကဋ္ဌတို့က သင်တန်း နည်းပြဆရာများ၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ၊ ဂါရဝပြုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်းတို့သည် မကျီးပင်ကျေးရွာအုပ်စု ညောင်ပင်သာ ကျေးရွာတွင် နေပြည်တော် ကောင်စီ၏ ခွင့်ပြုရန်ပုံငွေဖြင့် ၁၈ ပေ x ၂၇ ပေရှိ ထန်းလက်မိုး ဆိတ်ခြံ တည်ဆောက်မှု၊ ရပ်ရှင်သရပ်ဆောင် ခန့်စည်သူ၏ မတည်ငွေဖြင့် ဂါလန် ၂၂၀၀ ဆံ့ ၅ ပေ x ၁၇ ပေရှိ အုတ်ရေကန် တည်ဆောက်မှု၊ မကျီးပင်ကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ၏ မတည်ငွေဖြင့် ကျေးရွာစာကြည့်တိုက် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

❐ စာမျက်နှာ ၁၆ မှ

ထို့ကြောင့် မြန်မာတိုင်းရင်းသားတိုင်း ပညာသင်ကြားနိုင်ရေး လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်ကို သမိုင်းတွင် တွေ့နိုင်သည်။ ယနေ့အချိန်တွင်လည်း ပြည်တွင်းပြည်ပအဖျက်သမားများက ကျောင်းများ မဖွင့်နိုင်အောင်၊ ကလေးသူငယ်များ ထိတ်လန့်ကြောက်ရွံ့အောင် မမှန်မကန် ကောလာဟလ သတင်းများဖြန့်၍ ကျောင်းမတက်စေရန်၊ ကလေးအများစု ကျောင်းမရောက်စေရန် အဖျက်လုပ်ငန်းများ လုပ်ကိုင်ဖန်တီးလှုံ့ဆော်လျက်ရှိသည်။ နိုင်ငံတော်ကလည်း ပညာသင်ကြားရေးကို ခြိမ်းခြောက်လျက်ရှိသော အဖျက်ရန်မှန်သမျှကို တပ်မတော်နှင့် ပြည်သူလက်တွဲလျက် ချေမှုန်းဖယ်ရှားလျက်ရှိသည်။ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသောဒေသများကိုလည်း တည်ငြိမ်အေးချမ်းမှု ရရှိကာ ပညာရေးနှင့် အခြားလူမှုစီးပွားရေးပုံမှန်လည်ပတ်နိုင်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။ မိဘပြည်သူများကလည်း အဖျက်သမားများ၏ ဖျက်လိုဖျက်ဆီးဉာဏ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လာခြင်း၊ ပညာသင်ကြားရေး နှောင့်နှေးအောင် ပြုမူကြံစည်ခြင်းတို့ကို စည်းလုံးညီညွတ်သောအသိ၊ မှန်ကန်စွာတွေးခေါ်မြော်မြင်တတ်သောအသိတို့ဖြင့် ထိုးဖောက်တိုက်ဖျက်ကာ ကလေးငယ်များ မပျက်မကွက် ပညာသင်ကြားနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။

**အလှဆုံးပန်းလေးများအဖြစ် ရှင်သန်ဖူးပွင့်လာကြတော့မည်**

မကြာမီကာလတွင် ဝသန်ကာလမိုးဦးကျအချိန်သို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ မုတ်သုံမိုးများလည်း အေးချမ်းအောင် ဆွတ်ဖျန်းရွာသွန်းတော့မည်ဖြစ်သည်။ မိုးရေဆွတ်ဖျန်းမှုကြောင့် သစ်ပင်ပန်းမာလာတို့သည် ရွက်နုရွက်သစ်များ အစီအရီထွက်လာကြတော့မည်ဖြစ်သည်။ အရောင်အသွေးစုံသော၊ ရနံ့သင်းသော ပန်းဖူးပန်းပွင့်လေးများအဖြစ် ဖူးပွင့်လာသည်ကို ရှုမြင်ကြရတော့မည်ဖြစ်သည်။ ထို့အတူ အနာဂတ်၏ လောကအလှကို ဆင်ယင်ပေးမည့် ပန်းကလေးများဖြစ်သည့် ကျွန်ုပ်တို့၏ ရင်သွေးငယ်တို့သည်လည်း ပညာသြဇာရည်နို့များ သောက်စို့ခွင့်ရကာ အလှဆုံးပန်းလေးများအဖြစ် ရှင်သန်ဖူးပွင့်လာကြတော့မည်ဖြစ်ရာ အဖျက်အမှောင့်ပိုးမွှားများ ကင်းရှင်းစွာဖြင့် ရှင်သန်ဖူးပွင့်လာနိုင်စေရန် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် မိဘဆရာ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းအားဖြည့်ကူညီ၍ လှုပ်ရှားဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။

**ကိုးကား**

၁။ **နေ့စဉ်ထုတ် သတင်းစာများ။**

၂။ **ကျောင်းအပ်နှံရေး စီမံချက်များ။**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ ပထမအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဒေသအတွင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးကြပြီး တိုင်းဒေသကြီး ဌာနဆိုင်ရာများမှ ဝန်ထမ်းများက ကျွန်းပင် ၈၆၀၀၊ ပျဉ်းကတိုးပင် ၄၆၀၀၊ မဟော်ဂနီပင် ၇၈၀၀၊ သရက်ပင် ၂၀၊ ပိန္နဲပင် ၂၀၀ နှင့် ဒူးရင်းပင် ၂၀၀ စုစုပေါင်း ၂၁၆၀၀ တို့ကို လှော်ကားရေဝေရေလဲဒေသအတွင်းရှိ မြေအကျယ်ဧရိယာ ဧက ၄၀ အတွင်း စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# မြန်အောင်မြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



မြန်အောင် မေ ၃၁

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မျှင်ဝါးတောင်ကြိုးဝိုင်း အကွက်အမှတ် (၄၄) မမြဆည်အနီး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်နှင့် တာဝန်ရှိသူများက ပျိုးပင်များ ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် သစ်ပင်စိုက်ပျိုးကြသည်။

မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် ဒေသနှင့် ကိုက်ညီသည့် သစ်မျိုးများ၊ အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့် အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများဖြစ်သည့် ကျွန်း၊ မဟော်ဂနီ၊ ပိတောက်၊ မန်ကျည်းရှား၊ ကံ့ကော် စသည့်သစ်မျိုးကိုးမျိုး စုစုပေါင်း အပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မမြဆည်မှ ဝန်ထမ်းများ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မျှင်ဝါးတောင်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ စုစုပေါင်း ၁၇၅ ဦးခန့် တက်ရောက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရောဦးသာ

# အောင်လံမြို့၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



အောင်လံ မေ ၃၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အောင်လံမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက ဘွတ်ကြီး(ရေပေါ်)ကြိုးဝိုင်းအတွင်း မွေးမြူရေးဇုန်ရှေ့တွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာနမှူး ဦးထွန်းညွန့်တင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျောင်းဆရာ ဆရာမများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၄၃၂ ဦး တက်ရောက်ခဲ့ကြပြီး ကျွန်းပင် ၁၅၀၊ ယင်းမာပင် ၁၃၂ ပင်၊ တမာပင် ၇၅ ပင်နှင့် ပိတောက်ပင် ၇၅ ပင် စုစုပေါင်း ပျိုးပင် ၄၃၂ ပင်ကို စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၅ | ၂၉၇၀ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၁၀ | ၂၉၂၅ | ၄၅၀၅ | ၃၂၂၀ | ၂၉၄၅ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၆၀ |
| 95 Ron | ၂၉၁၀ | ၃၀၂၅ | ၂၉၉၀ | ၂၉၂၅ | ၃၀၃၀ | ၃၀၄၅ | ၃၀၆၀ | ၂၉၈၀ | ၄၅၆၀ | ၃၂၇၅ | ၂၉၉၅ | ၃၀၀၀ | ၃၀၇၀ | ၃၀၃၅ | ၃၀၅၅ | ၃၃၁၀ |
| HSD (500 ppm) | ၂၄၀၅ | ၂၅၁၅ | ၂၄၈၅ | ၂၄၂၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၅၅ | ၂၄၇၅ | - | ၂၇၇၀ | ၂၄၉၀ | ၂၄၉၅ | ၂၅၆၅ | ၂၅၃၀ | ၂၅၅၀ | ၂၈၀၅ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၈၃၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | - | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၀ | ၂၇၇၀ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၂၅၃ | ၂၃၂၇ |
| HSD (50 ppm) | ၂၈၀၁ | ၂၈၈၇ |
| HSD (10 ppm) | ၂၈၀၁ | ၂၈၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် စစ်ကိုင်းမြို့ပေါ်ရှိ MSMEs လုပ်ငန်းများ လိုက်လံကြည့်ရှုအားပေး

မုံရွာ မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး တို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ စုပေါင်း၍ သန့်ရှင်း ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှု အားပေးသည်။

ဆက်လက်၍ စစ်ကိုင်းစက်မှုဇုန်အတွင်းရှိ မဏ္ဍိုင်ဂျပ်စက္ကူစက်ရုံ၊ မဏ္ဍိုင်တစ်ရှူးစက္ကူစက်ရုံ၊ နိုင်းစတားခေါက်ဆွဲစက်ရုံနှင့် ရေသန့်ရေခဲစက်ရုံ များသို့ သွားရောက်ကြည့်ရှုပြီး ထုတ်ကုန်ပစ္စည်းများ ကို အရည်အသွေးပြည့်မီစွာဖြင့် ပြည်သူများ လက်ဝယ်အရောက် ဈေးနှုန်းသင့်တင့်စွာဖြင့် ထုတ်လုပ်ရောင်းချသွားရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ စက်ရုံမှ စွန့်ပစ်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက် မှုမရှိစေရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ ထွန်းတောက်အောင် ငွေထည်၊ ကြေးထည်လုပ်ငန်း သို့ရောက်ရှိ၍ လုပ်ငန်းရှင်က ငွေထည်၊ ကြေးထည် အမျိုးမျိုး အရောင်တင်ခြင်းလုပ်ငန်းများဆောင်ရွက် နေမှု၊ ငွေထည်၊ ကြေးထည်ပန်းအိုးအမျိုးမျိုး ပြုလုပ် နေမှုများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးကာ ထွန်းတောက်အောင် ငွေထည်၊ ကြေးထည်အရောင်းဆိုင်အတွင်း ငွေထည်၊ ကြေးထည်အမျိုးမျိုး ပြုလုပ်ရောင်းချနေမှုများကို သွားရောက်ကြည့်ရှုကြသည်။



ထို့နောက် စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက်ရှိ မြသီတာပဲမှုန့်ကြိတ်စက်ရုံလုပ်ငန်းသို့ ရောက်ရှိရာ လုပ်ငန်းရှင်က ပဲမှုန့်စိမ်း၊ ပဲမှုန့်အကျက်အမျိုးမျိုး ထုတ်လုပ်ရောင်းချနေမှုများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းပြသမှုများ အပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီအစည်းအဝေးနှင့် မြန်မာနိုင်ငံဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၃၁

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင် ကော်မတီ၏ (၃၃)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ စီမံကိန်းဦးဆောင်ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး ရေး နှစ်ဆင့်ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လ တွင်စတင်ခဲ့ပြီး အတိုးနှုန်းသက်သာစွာဖြင့် နှစ်တို (၃)နှစ်၊ နှစ်ရှည်(၅)နှစ် အရစ်ကျပြန်ဆပ်စနစ်ဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ စီမံကိန်း စတင်သည်မှ ဧပြီ ၃၀ ရက်အထိ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၊ မြို့နယ် ၁၈၇ ခုတို့မှ တောင်သူ ၅၈၁၆ ဦးသို့ ချေးငွေကျပ် ၂၄၇၄၄၈ ဒသမ ၀၇ သန်း ထုတ်ချေးပေးထားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ် လေးခုရှိ မြို့နယ် ၁၉ ခုမှ တောင်သူ ၆၁ ဦးသို့ ချေးငွေကျပ် ၅၄၈၁ ဒသမ ၂၀ သန်း ထုတ်ချေး ခဲ့ကြောင်း၊ ချေးငွေရယူလိုသည့် တောင်သူများသို့ ချေးငွေသစ်များ စဉ်ဆက်မပြတ်ထုတ်ချေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း။

ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်သည့် ချေးငွေလျှောက်ထားသူ တောင်သူများအား စိုက်ပျိုး/ရိတ်သိမ်းချိန်အမီ ချေးငွေများကို တာဝန် ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စနစ်တကျ စိစစ်ထုတ်ချေး နိုင်စေရေး တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ချေးငွေ အစီအစဉ်တွင် လယ်ယာသုံးစက်ကိရိယာများ ပါဝင် ရောင်းချသည့် ကုမ္ပဏီများအနေဖြင့်လည်း လိုက်နာ ရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြား သည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူ များက Two Step Loan ချေးငွေထုတ်ချေးထားမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ် များကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်သည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၅-၂၀၂၆) ကြိမ်မြောက်အစည်းအဝေးကို ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေ ပိုမိုတိုးတက်ထုတ်ချေးနိုင်ရေးအတွက် ကျင်းပပြီးစီး ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ ပုဂ္ဂလိက ဘဏ်များမှ ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေး၊ ချေးငွေ နှုန်းထားများ တိုးမြှင့်ပြင်ဆင်ဆောင်ရွက်ရေး၊ အာမခံ ထားရှိမှုများ ပြောင်းလဲပြင်ဆင်သတ်မှတ်ရေးတို့ အတွက် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း ပြင်ဆင်ခြင်းကို ဆောင်ရွက် နေကြောင်း၊ ဘဏ္ဍာရေးစည်းမျဉ်း ပြင်ဆင်ပြီးပါက PFI ဘဏ်များအဖြစ် ပုဂ္ဂလိကဘဏ်များ ပါဝင်လာ မည်ဖြစ်၍ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများ ကို ပိုမိုကျယ်ပြန့်စွာ တိုးတက်ထုတ်ချေးနိုင်မည်ဖြစ် ကြောင်းနှင့် အစည်းအဝေးတက်ရောက်လာသူများ ကလည်း အကြံပြုဆွေးနွေး တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြား ရေးမှူး ဦးမင်းသူက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေများ ပိုမိုကျယ်ပြန့်စွာ ထုတ်ချေးနိုင်ရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းပြင်ဆင်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း၊ ထုတ်ချေးပြီးချေးငွေများမှ ပေးဆပ်ရန် အချိန် စေ့ရောက်သည့်ငွေများကို ပြန်လည်ကောက်ခံနေမှု အခြေအနေများကိုလည်းကောင်း၊ ရှေ့ဆက်ဆောင်ရွက် မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြပြီး လုပ်ငန်းအဖွဲ့ဝင်များက ဝိုင်းဝန်း အကြံပြု ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည် နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီစက် ပိုင်ရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက် ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြင်ဦးလွင်မြို့၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဟောပြောပွဲ ကျင်းပ

ပြင်ဦးလွင် မေ ၃၁

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန ပြည်တွင်းအခွန်များဦးစီး ဌာန၏ တည်ဆဲဥပဒေများနှင့် အညီ အခွန်အမျိုးအစားအလိုက်၊ အခွန်ကဏ္ဍ တစ်ရပ်ချင်းစီ အလိုက် အခွန်ပညာပေးရှင်းလင်း ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြင်ဦးလွင်မြို့ ရပ်ကွက် ကြီး(၆)ရှိ စုပေါင်းရုံးအစည်းအဝေး ခန်းမဆောင်၌ ကျင်းပရာ တာဝန်ရှိသူများနှင့် အခွန်ထမ်း လုပ်ငန်းရှင်များ တက်ရောက် ကြသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နွေယမင်းစိုးက အခွန်နှင့် ပတ်သက်၍ လိုက်နာဆောင်ရွက် ရမည့်ကိစ္စရပ်များအား သိရှိရန်နှင့် လိုက်နာရမည့်ဥပဒေများ၊ လုပ်ထုံး လုပ်နည်းနှင့် လုပ်ငန်းစဉ်များ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ စသည့် အခွန်ဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဟောပြော သည်။

ဆက်လက်ပြီး အခမ်းအနားသို့ တက်ရောက်လာသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက မေးမြန်းမှု များကို ပြန်လည်ဖြေကြားပေးခဲ့ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ဝတ္ထုတို




## ပိုင်ပိုင်

(၁)

မီးငယ် သေချာကြည့်မိသည်။ အဖွေ့ ဧည့်သည်ဆိုသည့်အမျိုးသမီးကြီးကတော့ ခပ်တည်တည်ပင်။ အမေက ဆေးရုံတက်နေရသည်။ သည်အမျိုးသမီးကြီးက အိမ်တွင်တည်းမည်ဟု အဖေကပြော၏။

“ကောင်လေးရေ...ဆန်ပြုတ်ရပြီ။ ရေနွေးဓာတ်ဘူးကို သေချာကိုင်သွားနော်။ မမကိုလည်း ပြောလိုက်။ နေ့လယ်မှ ငါ ထမင်းလာပို့မယ်လို့။ လျှော်ရမယ့်အဝတ်တွေ ခုထည့်ပေးလိုက်လို့”

“ဟုတ် ဟုတ်”

“ဟဲ့...မြန်မြန်ပြန်လာ။ လမ်းမှာ ဟိုငေးဒီကြည့် လုပ်မနေနဲ့”

“အင်းပါ”

မီးငယ် စိတ်ထဲမကြည်မလင်။ ဧည့်သည် အန်တီက သူ့အိမ်သူ့ရာကဲ့သို့ အရှေ့ဘက်ခန်းက ခုတင်ပေါ်တွင် အိပ်လျက်။ အဖေက ခုတင်စွန်းတွင် ထိုင်၍ စကားတွေပြောနေကြ၏။

“အဖွေ့...ထမင်းကျက်ပြီ။ လက်ဖက်သုပ် ကြက်ဥကြော်”

“အေး...နင့် အမေအတွက်ကရော”

အမေ့အတွက်တော့ မေးဖော်ရသေး။ မီးငယ်က ထိုအန်တီကို တည့်တည့်စိုက်ကြည့်လိုက်သည်။

“အမေ့တွက်က ကြက်သားပြုတ်ကြော်။ အဲဒါစားရုံနဲ့ အမေအားမရှိဘူး။ အမေ့နားကို အဖေသွားမှ အားရှိမှာ”

ကွက်ခနဲ အဖေ့မျက်နှာပျက်သွားသည်။

“ဆေးရုံသွားလိုက်လေ အစ်ကို။ အဆင်ပြေအောင်လုပ်ပါ။ သင်းသင်းနားနေလိုက်ပါ့မယ်”

အိညှက်ညှက်နှင့် အန်တီ့လေသံကို မီးငယ် ဘဝင်မကျမိ။ အဖေ ထထွက်သွားတော့မှ မီးငယ် အန်တီကြီးနားသို့ သွားလိုက်သည်။

“အန်တီနဲ့ အဖေက မိတ်ဆွေတွေလား။ ဘာကိစ္စနဲ့ ဒီကိုလာတာလဲ။ အန်တီတို့မိသားစုကရော ဘယ်မှာလဲ”

အသက်ဆယ့်သုံးနှစ်အရွယ် မီးငယ်၏မေးမြန်းချက်ကို အန်တီ ချက်ချင်းမဖြေပါ။ တစ်စုံတစ်ရာကို ချင့်ချိန်နေဟန်။

“ဟို..ဟိုလေ။ အန်တီတို့က မိတ်ဆွေတွေပါ။ ဒီကိုလာတာက အရောင်းဝယ်ကိစ္စနဲ့ပါ။ အန်တီက မိသားစုမရှိပါဘူး။ နေတာက မဲဇာမှာ အမေမုဆိုးမကြီးနဲ့လေ”

“သြော်...အဖွေ့ မိတ်ဆွေ အရောင်းဝယ်ကိစ္စနဲ့လာတယ်။ ဒါဆို မီးငယ်တို့အိမ်မှာ ခဏပဲတည်းမှာပေ့ါနော်”

“အန်တီအိပ်ချင်အိပ်ပါနော်။ မီးငယ် ရေသွားထမ်းလိုက်ဦးမယ်”

မီးငယ် ရေထမ်းတံပိုးကို ပခုံးပေါ်တင်ပြီး ခပ်သွက်သွက်နှင့် ရေစင်သို့လာခဲ့သည်။ ရေပုံးအလွတ်များကို ထမ်းလာသော်လည်း စိတ်မှာလေးလံလှသည်။ ကျန်းမာရေးမကောင်းသော အမေ့ကို မငဲ့ညှာတော့မည်လား။ အန်တီနှင့် တစ်စုံတစ်ရာ ပတ်သက်နေမည်ဆိုလျှင်ရော။ မီးငယ် အတွေးများစွာနှင့်...။

(၂)

ရေဆယ်ထမ်းပြည့်တော့ မီးငယ် မောပြီ။ ကျောက်ရေစည်လည်း ပြည့်သွားပြီ။ ရေစည်ထဲပြည့်နေသော ရေများကို ကြည့်ပြီး နဖူးကချွေးကိုသုတ်ကာ ပြုံးလိုက်မိသည်။ ရေဆိုသည်ကား လူသားတွေအတွက် သဘာဝကဖန်တီးပေးထားသည့် မရှိမဖြစ်အရာ။ မိသားစုဆိုသည်မှာလည်း ဘဝရေစက်များကြောင့် ဆုံတွေ့ဖြစ်တည်လာသည့် အသိုက်အမြုံ။ “ရေသည် သုံးတတ်လျှင် ဆေး၊ အသုံးများလျှင် ဘေး” ဖြစ်တတ်သည်ဟု စာဂျပိုးမ မီးငယ် ဖတ်မှတ်ထားဖူးသည်။

“အန်တီ...ရေချိုးလို့ရပါပြီ။ ပြီးရင် မီးငယ် ထမင်းခူးပေးပါ့မယ်”

“ဟို..ဟိုလေ။ အစ်ကို့ကို စောင့်လိုက်ဦးမယ်”

“အန်တီ ရေချိုး ထမင်းစားဖို့က အဖေ့ကိုစောင့်စရာမလိုပါဘူး။ မီးငယ် ဧည့်ဝတ်ကျေပေးပါ့မယ်။ ခဏလာတည်းတဲ့ ဧည့်သည်ပဲဟာ”

ထို အန်တီ ဘာမှပြန်မပြောတော့ပါ။ ရေချိုးပြီး မီးငယ်ခူးကျွေးသော ထမင်းကို စားနေလည်း အဖေ့ကို မျှော်နေမှန်းတော့ သိသာလှသည်။

“ဟဲ့...ကောင်လေး။ ငါ အမေ့ဆီ ထမင်းသွားပို့မလို့။ အိမ်မှာနေ။ အန်တီ ဘာခိုင်းခိုင်း လုပ်ပေးလိုက် ကြားလား။ ငါ ပြန်လာမှ ထမင်းအတူစားမယ်နော်”

မီးငယ် ထမင်းချိုင့်လေးဆွဲပြီး ဆေးရုံရောက်သွားသည်နှင့် မမကြီးက ထမင်းချိုင့်ဆီးယူကာ အမေ့ ခုတင်ဘေးက စားပွဲပေါ်သို့ တင်လိုက်ပြီး မီးငယ်ကို ဆေးရုံအပြင်ဘက်သို့ လက်ဆွဲ၍ခေါ်လာသည်။ လှည့်ကြည့်လိုက်တော့ အဖေက ဆေးပုလင်းကြီးချိတ်ထားသော အမေ့ကို ငုံ့ကြည့်နေသည်။

“မီးငယ်...အဖေက မိန်းမကြီးတစ်ယောက်ကို အိမ်ခေါ်လာတယ်ဆို။ ငါ့ကို ဆေးရုံက ညစောင့်ဦးလေးကြီးက လာစနေတာ။ ညည်းတို့ မေမေလေး ရတော့မယ်တဲ့”

“ဟာ... သတင်းကမြန်လှပါလား။ အမေ့ကို သွားမပြောနဲ့နော်”

“မပြောပါဘူး။ ညစောင့်ဦးလေးကိုလည်း ပြောထားပါတယ်။ ငါလည်း ဘာမှန်းမသိပေမဲ့ မေမေလေးလို့ မစပါနဲ့ ဦးလေးရယ် အဲဒါ အဖေ့ညီမဝမ်းကွဲပါလို့ ပြောလိုက်တယ်”

“အင်း တော်သေးတာပေ့ါ”

မီးငယ်တို့ ဝန်ထမ်းရပ်ကွက်လေးက ထိုသို့ပင်။ တယ်လီဖုန်းများ ကိုင်သုံးနိုင်သည့်ခေတ် မဟုတ်သေးသော်လည်း တစ်ဦးသိ တစ်ရာဆိုသလိုပင် ပါးစပ်သတင်းက မြန်ဆန်စွာဖြင့် ဘယ်အိမ်တွင် ဧည့်သည်ရောက်သည်ကအစ ချက်ချင်းသိကြသည်။ အဖေက ရထားလိုက်ဝန်ထမ်း။ ရထားလိုက်ဝန်ထမ်းနှင့် အရောင်းဝယ်လုပ်သော ရထားစီးခရီးသည်တို့ ငြိစွန်းတတ်ကြသည့်ဇာတ်လမ်းများက မထူးဆန်းပါ။ မိသားစုအတွက် မထူးဆန်းသော ထူးဆန်းမှုမျိုးကို မီးငယ် အဖြစ်မခံနိုင်။

(၃)

အဖေက ညနေရောက်မှပင် ဆေးရုံမှ အိမ်သို့ပြန်လာသည်။

“အဖေ...ထမင်းစားတော့မလား”

“မစားဘူး သမီး။ အဖေတို့ အပြင်ခဏသွားမလို့”

အဖေနှင့် အန်တီတို့ အပြင်ထွက်သွားကြသည်။ မီးငယ်လည်း မောင်လေးနှင့်အတူ အိမ်တံခါးသော့ပိတ်ပြီး ထမင်းချိုင့်ဆွဲကာ ဆေးရုံသို့လာခဲ့၏။

“မီးငယ်လေး... ပင်ပန်းနေပြီလား။ ငါ့သမီးလေး ပိန်သွားတယ်ကွယ်”

ဆေးရုံအခန်းထဲက လူနာခုတင်ပေါ် ထိုင်နေနိုင်ပြီဖြစ်သည့် အမေ့ကို မြင်တော့ မီးငယ် ပင်ပန်းတာက ဘာမှန်းမသိတော့။

“မပင်ပန်းပါဘူး။ အမေသာ မြန်မြန်နေကောင်းဖို့ အရေးကြီးတယ်။ မမရော ပင်ပန်းလား။ မီးငယ် အမေ့ကို ညစောင့်အိပ်ပေးမယ်လေ။ ဒီည မမ အိမ်ပြန်အိပ်”

“ဟင့်အင်း...ငါပဲ အမေ့နားစောင့်အိပ်မယ်”

မမဘာလို့ အိမ်ပြန်မအိပ်ချင်သည်ကို မီးငယ်သိသည်။ အမေ့နား ခဏနေပြီး မီးငယ်တို့ မောင်နှမနှစ်ယောက် အိမ်ပြန်လာခဲ့ကြသည်။ မီးငယ်တို့ အိမ်ပြန်ရောက်ပြီး ခဏအကြာတွင် အဖေတို့ ပြန်လာကြသည်။

“မီးငယ်...ဒီမှာ မုန့်တွေနော်။ အန်တီ ဝယ်လာတာ”

“ဟာ...မုန့်တွေ...ဟီး..ဟီး”

ကလေးပီပီ မုန့်မြင်၍ပျော်သွားသော မောင်လေးကို မီးငယ်မဆူရက်။

“အဖေ... ထမင်းခူးလိုက်ရတော့မလား”

“အဖေတို့ အပြင်မှာစားခဲ့ပြီ သမီး”

“ဟုတ်ကဲ့အဖေ။ မီးငယ်က အန်တီနဲ့ အိပ်လိုက်မယ်နော်”

“ဟဲ့...ကောင်လေး နင် အဖေနဲ့အိပ်။ အိပ်ရေးမဆိုးနဲ့၊ အဖွေ့ကို မခွမိစေနဲ့။ အဖေက ခွတာဖိတာမကြိုက်ဘူး”

မုန့်တွေ ထိုင်စားနေသော မောင်လေးကတော့ မုန့်နှင့် အဖွေ့ကို လဲရမည်လား မသိနိုင်ချေ။

(၄)

မနက် ၈ နာရီ အဆန်ရထားဖြင့် အဖေ တာဝန်နှင့်ရထားလိုက်သွားရသည်။ အဖေမသွားခင် အန်တီက တိုးတိုးတိုးတိုးနှင့် စကားများကပ်ပြောနေသေး၏။ အဖေက ရထားလိုက်သွားလျှင် သုံးရက်ကြာသည်။ အမေလည်း နောက်သုံးရက်နေလျှင် ဆေးရုံမှဆင်းရတော့မည်။ မီးငယ် အိမ်အလုပ်များကို သွက်သွက်လုပ်သည်။

“အန်တီ...ထမင်းစားတော့မလား”

“မစားသေးဘူး မီးငယ်”

“ဟဲ့ ကောင်လေး... လာဦး။ အဖေ ပေးခဲ့တဲ့ပိုက်ဆံ ငါ ဒီအိတ်ထဲထားတာပါ ခုမတွေ့လို့”

“သေချာရှာလေ။ သား ဘယ်သိမလဲ မမမီးရဲ့”

“အော်...နင်များ ခိုးသုံးသလားလို့။ မခိုးရဘူးနော်။ ခိုးသုံးတာက သုံးတုန်းခဏပဲ ကိုယ့်လိုအင်ပြည့်တာ။ ပြီးရင် ခိုးတတ်သူလို့ နာမည်ပျက်မယ်။ ငရဲကျမယ်သိရဲ့လား”

“ဟာ...သား မခိုးပါဘူးဆိုနေ”

“အေးပါ ခိုးမိမှာစိုးလို့ပြောတာဟဲ့။ ကိုယ်လိုချင်တဲ့အရာက သူတပါးအပိုင်ဆိုရင်လည်း မယူရဘူး မှတ်ထား”

“မမမီးကလေ စာအုပ်တွေဖတ်ပြီးရင် အဲဒီလိုပဲ သားကို ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့ ပြောနေတော့တာပဲ”

“ပြောရမယ်။ လူဆိုတာ လူ့ကျင့်ဝတ် လူ့သိက္ခာရှိရတယ်။ နင်က ငယ်သေးလို့ သိပ်နားမလည်သေးပါဘူး”

“အန်တီရေ...မီးငယ်က အစ်မဆိုတော့ ကောင်လေးကိုခုအရွယ်ကတည်းက နားဝင်အောင်ဆုံးမတယ်။ ပြီးတော့လေ သူများမိသားစု အသိုက်အမြုံကိုဖျက်ရင် ငရဲအိုးထဲကျမယ်ဆိုတာရောပေ့ါ။ အန်တီက လူကြီးဆိုတော့ ဆုံးမစကားပိုပြီး ပြောတတ်မှာပါ။ အလည်လာတုန်းလေး ဆုံးမပါ”

“ဟို..ဟိုလေ..အန်တီက သိပ်ပြီး ဆုံးမစကား မပြောတတ်လို့ပါ”

“ဟုတ် ဟုတ် အန်တီနားပါနော်။ ကောင်လေး ..အန်တီကို စာအုပ်ငှားပေးလိုက်ဦး ပျင်းနေမှာစိုးလို့။ နင်လည်း အလကားမနေနဲ့ လက်ရေးလှကျင့်နေ။ ငါ အမေ့ဆီ ဆေးရုံသွားလိုက်ဦးမယ်”

(၅)

“ကောင်လေးရေ...လာဦး ဒီမှာ ငါ ငှားလာတဲ့စာအုပ် ဖတ်ရအောင်”

“မဖတ်ချင်ဘူး။ မမမီး ဖတ်ပြီး ပြန်ပြောပြ”

“ငပျင်း...အဲဒီလိုပဲ အန်တီရေ။ မောင်လေးက ငပျင်း မီးငယ်က လေပေါ... ဟဲ ဟဲ”

အိမ်ရှေ့ဝရန်တာထွက်ပြီး ရပ်နေသော အန်တီ့ကို မီးငယ်က စကားလိုက်ပြောသည်။

“သိလားအန်တီ။ အဖေက အမေ့ကို သိပ်ချစ်တာ။ အဘွားတို့က သဘောမတူတာကို ရအောင်ခိုးပြေးခဲ့တာတဲ့။ အမေက မောင်လေးကို မွေးပြီးနောက်တော့ ကျန်းမာရေးညံ့လာတာ”

“သြော်...ဟုတ်လား”

“ပြီးတော့လေ အမေက သိပ်သဘောထားကြီးတာ။ အဖေက တခြားမိန်းမတစ်ယောက်နဲ့ဖြစ်နေတယ်လို့ ကြားထားတယ်တဲ့။ အမေက ကျန်းမာရေးမကောင်းတော့ဘူး မိန်းမမပီသတော့ဘူးတဲ့။ အဖွေ့အတွက် လိုအပ်မယ်ဆိုရင် နောက်မိန်းမယူသွားရင်လည်း အမေဘာမှ မတတ်နိုင်ပါဘူးလို့ပြောတယ်”

“ဟုတ်လား...”

“ဟုတ်တယ်။ မီးငယ်ကတော့ သေချာပေါက်သိနေတယ်။ အဖေက နောက်မိန်းမတွေ့နေရင်တောင်မှ အမေနဲ့ မီးငယ်တို့မောင်နှမတွေကို ဘယ်ပစ်နိုင်မလဲ။ မယားငယ်ဆိုတာက လက်နီးစုတ်လိုပါ အန်တီရာ။ အိုးပူကို ကိုင်ချင်တုန်းသာ လက်နီးစုတ်ကို ခဏသုံးတာလေ။ အဲဒီလို လက်နီးစုတ်ကို စားပွဲပေါ်မှာတောင် ဘယ်သူမှ မတင်ဘူးရယ်။ ပွဲလယ်မှမတင့်တာ ဟုတ်တယ်မလား အန်တီ”

“အင်း..အင်း..ဟုတ်ပါတယ်”

“မနက်ဖြန်ညနေ အမေ ဆေးရုံက ဆင်းရတော့မယ်။ အဖေလည်း ခရီးက ပြန်လာမယ်။ မီးငယ်တို့က အမေ့ကို ကြင်နာဂရုစိုက်ကြရမယ်။ အန်တီမပြန်ခင် မီးငယ်တို့ မိသားစုဘယ်လောက်နွေးထွေးကြင်နာကြတယ်ဆိုတာ တွေ့ရမှာပါ။ အန်တီက ဘယ်တော့ပြန်မှာလဲဟင်”

“ဟိုလေ။ မီးငယ် အဖေက သူပြန်လာတာကို စောင့်ဦးလို့တော့ပြောတယ်”

“ဟုတ်ကဲ့ စောင့်ပါအန်တီ။ မီးငယ် တွေးမိတယ်သိလား။ မိသားစုရှိတဲ့ အိမ်ထောင်ဦးစီး ဖခင်တစ်ယောက်ကို အသိုက်ဖျက်ပြီး ဆွဲခေါ်သွားတတ်တဲ့ မယားငယ်ဆိုတဲ့ မိန်းမကြီးတွေက သံသရာအဆက်ဆက် ပြန်ခံရမယ်ဆိုတာ မသိကြဘူးလားနော်။ ငရဲမကြောက်တာလား။ ဒီဘဝမှာရော လူအများကဲ့ရဲ့ ဒဏ်ခံနိုင်လားမသိဘူးနော်။ တော်ရုံ အရှက်မရှိရုံနဲ့တော့ အဲဒီလိုအလုပ်မျိုး မလုပ်ရဲလောက်ဘူးနော့် အန်တီရာ”

“အင်း...ဟုတ်တာပေ့ါ”

“အန်တီနားပါနော်။ မီးငယ် အမေ့တွက် ထမင်းသွားပို့လိုက်ဦးမယ်”

တွေဝေမှုန်မှိုင်းနေသော ထိုအန်တီ၏ မျက်နှာသည် အတွေးနက်နက်ထဲသို့ ကျရောက်သွားသည့်ထင်။

“မီးငယ်ရေ...အန်တီ ရထားလက်မှတ်သွားဝယ်ချင်လို့ ဘူတာကို လိုက်ခဲ့ပေးပါလား”

မီးငယ် ဆေးရုံမှ အိမ်သို့ပြန်ရောက်လာသည်နှင့် အန်တီက ဆီး၍ပြောသည်။

“အယ်...ပြန်တော့မလို့လား။ အဖွေ့ကို မစောင့်တော့ဘူးလား အန်တီ”

အလိပ်လိုက်တက်လာသော ဝမ်းသာစိတ်အေးမှုကိုထိန်းကာ မီးငယ်မေးလိုက်မိသည်။

“မစောင့်တော့ပါဘူး”

“ဟုတ် ဟုတ်။ လာလေ မီးငယ်လိုက်ခဲ့ပေးမယ်လေ”

ရင်ဘတ်တွင်း ဝင်ရောက်နေသော အလွန်လေးလံနေသည့် စိုးရိမ်သောကဆိုတာကြီး ကင်းစင်သွား၍မီးငယ်မျက်နှာလေး ကြည်လင်ဝင်းပနေသည်။ သို့ဆိုပါလျှင် အန်တီက မနက်ဖြန် အဆန်ရထားဖြင့် သူ့ဌာနေ မဲဇာသို့ပြန်မည်။ အဖေက အစုန်ရထားဖြင့် မီးငယ်တို့မိသားစု မေတ္တာရိပ်မြုံလေးသို့ ပြန်လာမည်။ အန်တီစီးသွားသော အဆန်ရထားနှင့် အဖေစီးလာမည့် အစုန်ရထားတို့ ဘူတာ တစ်ခုခုတွင် ဆုံကြမည်ဖြစ်သော်လည်း အန်တီနှင့်အဖေ တွေ့ကြမည်မထင်ပါ။ အဖေ အိမ်သို့ရောက်လာသည်နှင့် မီးငယ်တို့မောင်နှမတွေက အဖွေ့အရိပ်အောက်မှာနေပြီး ကြွေးဟောင်းဆပ်ရန်အတွက် လိမ္မာကာစာကြိုးစားကြမည်ဖြစ်ကြောင်း အခိုင်အမာကတိပေးကြပါမည်။ ။

## ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့

✳ မြေဆီစိုခိုက် သစ်ပင်စိုက်
ဝန်းကျင်အနားတစ်ဝိုက်။
✳ အကွက်ရိုက်လို့ စိုက်ကြမယ်
တားဆီးဘေးအန္တရာယ်၊
တို့ရဲ့နယ်ပယ် အရိပ်ရ
သစ်ပင်စိုက်ပျိုးကြ။
✳ စိမ်းစိုအေးမြ သာသာယာ
ရေတိုက်စားမှုကာ၊
မြေပြိုခြင်းပါ ကာကွယ်ရေး
သစ်ပင်စိုက်ပျိုးပေး။
✳ ရက်မြတ်ကိုရွေး ကမ္ဘာမှာ
“ဇွန်လ(၅)ရက်”ပါ
သတ်မှတ်ထားကာ အစဉ်မမေ့
ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့။
✳ ပူပြင်းခြောက်သွေ့ ရေရှားဒဏ်
ကာဗွန်လျှော့ချသုံးစွဲရန်၊
ထိန်းသိမ်းဖို့အမှန် ဂေဟစနစ်
အစိမ်းရောင်စီးပွားရေးမြှင့်။
လျှော့သုံးကြပလတ်စတစ်။ ။

ပန်းမာလာ

---

## ပျော်ရွှင်စရာ လယ်တောယာ

❖ လေမုတ်သုံ လှုပ်ကာနှိုးလို့
ဝသန်နိုးတဲ့ ဤချိန်ခါ။
မိုးသက်သေ ရေစက်တို့
ကြွေသက်မြေကမ္ဘာ။
ဓားမဦးချ လယ်ပြင်ယာ
ထယ်ဆင်ကာ မြေပြင်ရ။
စက်အင်ဂျင် ဝန်ချီစက်တွေနဲ့
ထွန်ယက်နေကြ။
❖ ကောက်နှံပင် ထွားသန်လှဖို့
အားမာန်ပြ ဦးတောင်သူ။
ယာပြင်ကျယ် ရေဖွေးဖွေးမှာ
ထွန်ရေးငင်ယူ။
သားမယား ဆွေတစ်မူ
အတူယှဉ်ကာ အလုပ်ခွင်ဆင်း။
ပေါင်းမြက်ဆယ် ကန်သင်းဖို့
သူတို့လယ်တွင်း။
❖ နေညိုညို ညနေခင်းမှာတော့
လယ်ကန်သင်း အပြန်လမ်းမှာ။
ဟင်းရွက်စုံ ညွန့်အဖူးတို့
ဆွတ်ခူးသယ်ကာ။
ချက်ပြုတ်ကြ ဖွယ်ဖွယ်ရာ
အေးရိပ်သာတဲ့ လယ်စောင့်တဲ။
ဇနီးမယား တစ်ဖုံအပြင်
သမီးသား အစုံအလင်နဲ့
လက်ရည်တစ်ပြင် ပျော်ပျော်ပါးပါး
အားရဆင်နွှဲ ။ ။

မောင်ကေတူး(ပညာရေး)

---

ဆောင်းပါး

# မင်္ဂလာရှိသော အရပ်ဆီသို့

■ မောင်ကြည်လင်(ရွှေကြိုးကြာ)

ကျောင်းရှေ့ စိန်ပန်းပင်ကြီးအောက်တွင် အနီရောင်ပွင့်ဖက်များ ပြန့်ကျဲနေ၏။ နေရောင်အောက်တွင် ဝင်းလှဲ့တောက်ပနေသော မိုးစက်ဥလေးများက စိန်ပန်းရွက်များကြားတွင် တွဲနေကြ၏။ နွေအပူကြောင့် ခြောက်သွေ့နေကာ သခင်မဲ့၊ အယုအယမဲ့၊ သစ်ပင်ပန်းပင်ကလေးများမှာ မိုးကြောင့် စိမ်းလန်းနေလျက်ရှိ၏။ ထို့အတူ တစ်နွေပတ်လုံး တိတ်ဆိတ်ငြိမ်သက်စွာ အဖော်မဲ့နေခဲ့သော ကျောင်းဝင်းအတွင်းမှာ အဖြူအစိမ်းဝတ်ဆင်ထားသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပန်းချီကားတစ်ချပ်နှယ် မြင်ရသူကို နှလုံးရွှင်ပျပြုံးမိနေစေပါသည်။

ရုံးခန်းရှေ့ ဝရန်တာဘေးတွင်ရပ်လျက် တဖွဲဖွဲကျနေသော မိုးစက်ကလေးများကို အာရုံခံနေမိစဉ် “ဟဲလေးအီ----ဟဲလေးအီ(ဒီကိုလာကြ ----ဒီကိုလာကြ)”ဟူသောအသံကြောင့် မူလတန်းကျောင်းဆောင်ဘက်သို့ လှည့်ကြည့်လိုက်မိပါသည်။ ထဘီတိုတိုဝတ်လျက် မျက်မှန်ပါဝါထူထူကြီး တပ်ထားသော ဆရာမတစ်ဦးကို တွေ့လိုက်ရသည်။ ငိုနေသော ကလေးများကို ချော့မြှူနေသော ဆရာမကြီး၏ အသွင်အပြင်မှာ မိဘရင်းသဖွယ် ကြင်နာမှုပြည့်ဝနေပါသည်။ ထို့နောက် လွယ်အိတ်ဆွဲကာ ပြေးထွက်သွားသော ကလေးများအား လိုက်၍ခေါ်နေသော ဆရာမကြီးကို ကြည့်ရသည်မှာ ချစ်စရာကောင်းနေပြန်ပါသည်။

ကျွန်တော်၏ကျောင်းမှာ ကရင်တိုင်းရင်းသားတို့ နေထိုင်ကြသည့် ကျေးလက်ရွာလေးဖြစ်ပါသည်။ ထို့ကြောင့် မိဘရင်ခွင်မှခွဲ၍ ပထမဆုံး ကျောင်းသို့ ရောက်လာကြသည့် KG တိုင်းရင်းသားကလေးငယ်များကို ပညာသင်ကြားပေးနိုင်စေရန် ရွာခံတိုင်းရင်းသူ ဆရာမကြီးကို တာဝန်ယူသင်ကြားပေးစေခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ကလေးများအလယ်တွင် လက်ဟန်ခြေဟန်ဖြင့် စကားပြောနေသော ဆရာမကြီးကို စိတ်ဝင်စားလာသောကြောင့် KG စာသင်ခန်းသို့ ထွက်လာမိ၏။ “ကလေးတို့ကို သရာမူ(ဆရာမ) ကဗျာသင်ပေးမယ်”၊ “ဒီမှာ အရုပ်တွေနဲ့လည်း ကစားကြမယ်”၊ “မငိုနဲ့နော် ငိုတဲ့သူကို ကကြီး၊ ခခွေး မသင်ပေးဘူးနော်”၊ “ဆရာမနဲ့အတူ ဘယ်သူ ဝလုံးရေးကြမလဲ”စသည်ဖြင့် ကရင်စကားဖြင့် တစ်မျိုး၊ ဗမာစကားဖြင့်တစ်ဖုံ စိတ်ရှည်စွာဖြင့် ကလေးငယ်များနှင့်အတူ စကားပြောနေသည်ကို မြင်ရသောအခါ အလွန်ပီတိဖြစ်မိပါသည်။

ထို့နောက် “မနီကလေး ဘယ်ကလာ”၊ “ဖိနပ်လေးကို ညီညီစီ”၊ “ဘူးသီးကလေး ဝတုတ်တုတ်” စသည့်ကဗျာများကို ဟန်အမူအရာမျိုးစုံဖြင့် သီဆိုလျက် ကလေးများနှင့်အတူ ပျော်ရွှင်နေသည့် KG ဆရာမကြီး၏ မျက်နှာကို ကြည့်၍ ကျွန်တော်၏ နှလုံးအိမ်တွင် ကြည်နူးရိပ်များ ကျရောက်နေလျက်ရှိပါသည်။

ကျွန်တော်တို့ စာသင်ကျောင်းများတွင် KG တန်းအတွက် သင်ယူဖွံ့ဖြိုးမှုနယ်ပယ်ကြီး ခြောက်ခုကို အခြေခံပြီး သင်ယူမှုနယ်ပယ် ၁၅ ခုနှင့် ချိတ်ဆက်သင်ကြားကြရပါသည်။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ်ခြောက်ခုမှာ (၁) ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း၊ (၂) စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်း၊ (၃) အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ (၄) သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း၊ (၅) အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း၊ (၆) ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းတို့ ဖြစ်ပါသည်။

သင်ယူမှုနယ်ပယ် ၁၅ ခုမှာ (၁) မိမိအကြောင်း၊ (၂)တို့မိသားစု၊ (၃)တို့ကျောင်း၊ (၄)တို့ရပ်ရွာ၊ (၅) အပင်များ၊ (၆) ရာသီဥတု၊ (၇) သယ်ယူပို့ဆောင်ရေး၊ (၈) ဈေးများ၊ (၉) ပွဲတော်များ၊ (၁၀) ငါး၊ (၁၁) ရေ၊ (၁၂) ပိုးကောင်လေးများ၊ (၁၃) အိမ်များ၊ (၁၄) ငှက်များ၊ (၁၅) နို့တိုက်သတ္တဝါများ ဖြစ်ပါသည်။

ထိုသင်ယူဖွံ့ဖြိုးမှုနယ်ကြီးများနှင့် သင်ယူမှုနယ်ပယ်များမှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်လျက်ရှိကြပါသည်။ KG တန်းတွင် ကလေးငယ်များ၏ ဘာသာစကားဖွံ့ဖြိုးမှုကို ပံ့ပိုးပေးရန်နှင့် စာရေး၊ စာဖတ် အစပျိုးခြင်းလုပ်ငန်းများကို ကလေးများ၏ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ စီစဉ်ပေးထားပါသည်။

KG တန်းတွင် စာမေးပွဲမရှိပေ။ စာများကိုလည်း အက္ခရာရေးတတ်ရုံမျှသာ သင်ကြားပေးရမည် ဖြစ်ပါသည်။ ထိုသို့ သင်ကြားရာတွင် ကစားခြင်းဖြင့် သင်ယူကြရမည် ဖြစ်ပါသည်။ အချို့သော မိဘများအနေဖြင့် မိမိတို့ကလေးငယ်များကို မူကြိုထားခဲ့ကြသည့်အတွက် မူကြိုမှာသင်ယူပြီးဖြစ်သောကြောင့် KG မထားဘဲ Grade-1 ထားလိုကြသည်ကို တွေ့နေရပါသည်။ မူကြိုမှာ သင်ကြားခဲ့ရုံဖြင့် မပြည့်စုံနိုင်ပေ။ ထို့ကြောင့် KG မထားသေးဘဲ အသက် (၆)နှစ်ပြည့်မှ Grade -1 စထားမည်ဟူသော အတွေးများကို လက်မခံသင့်ပေ။

မူလတန်းပညာရေး၏ အခြေခံအုတ်မြစ်ဖြစ်သော KG ပညာရေးမှာ Grade -1 စာများကို ဆက်လက်သင်ယူရန်အတွက် အရေးပါသည်။ ကလေးတစ်ယောက်အတွက် သူ၏အသက်အရွယ်နှင့်သူ သင်ယူမှုရရှိကြရန် အလွန်အရေးကြီးပါသည်။ အဆောက်အအုံတစ်ခု ရေရှည်တည်မြဲစေရန် အခြေခံအုတ်မြစ်များ ခိုင်ခံ့မှုရှိရပေမည်။ ထို့အတူ ကလေးငယ်တို့၏ ပညာရေးအခြေခံကောင်းစေရန် KG တန်းပညာရေးကို မဖြစ်မနေသင်ကြားရန် လိုအပ်ပါသည်။

စနစ်သစ်ပညာရေးသည် ကျွန်တော်တို့သင်ကြားခဲ့ရသော ပညာရေးနှင့် မတူပေ။ အဆင့်မြင့်လာခြင်းကို တွေ့ရပါသည်။ ထို့ကြောင့် တစ်ဆင့်ချင်း သင်ယူမှသာ ကလေးတစ်ယောက်အတွက် ရေရှည်တွင်အဆင်ပြေနိုင်သကဲ့သို့ အသိဉာဏ်ဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုမှာ ဖြစ်ပါသည်။

မိဘများအနေဖြင့် စာတတ်မြောက်စေချင်သောစိတ် လွန်ကဲကာ KG တန်းအရွယ် ကလေးငယ်များကို ကျူရှင်သင်ကြားပေးနေကြခြင်းကို တွေ့မြင်နေရပါသည်။ ဤသည်ကား ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုအဆင့်ကို အဓမ္မနည်းဖြင့် နှိုက်ယူနေခြင်းဟု ဆိုရပေလိမ့်မည်။

ထိုသို့ အရွယ်မတိုင်မီ ကျူရှင်ဟူသော ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းဆောင်နေရသောအခါ ကလေးများစိတ်တွင် စာသင်ကြားခြင်းကို ကြောက်ရွံ့လာနိုင်ပါသည်။ ဤသို့ကြောက်ရွံ့လာသောအခါ ကလေးများမှာ ကျောင်းသွားရမည်ကို မပျော်ရွှင်နိုင်ကြတော့ပေ။ ထို့ကြောင့် မိဘများအနေဖြင့် မေတ္တာလွန်ကဲစွာဖြင့် ကျူရှင်သို့ ပို့ဆောင်နေကြမည်ဆိုလျှင် ကလေးငယ်များ စိတ်ပင်ပန်းကာ ဉာဏ်ရည်နှင့် ဖွံ့ဖြိုးမှုနယ်ပယ်များကို ထိခိုက်လာနိုင်ကြောင်း သတိပြုဆင်ခြင်ရန် အထူးလိုအပ်ပါသည်။ ထို့အတူ မိဘများအနေဖြင့် မိမိ၏ ကလေးအခြေအနေနှင့် ဉာဏ်ရည်ဉာဏ်သွေးကို ဆန်းစစ်လေ့လာသင့်ပါသည်။

ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့ ကလေးငယ်များ၏ ပညာရေးအတွက် ချင့်ချိန်ဆုံးဖြတ်ကာ နေလောင်သောပန်းကဲ့သို့ မညှိုးနွမ်းစေရန် မင်္ဂလာရှိသောအရပ်တွင် လောင်းရိပ်ကင်းစွာ ပညာသင်ကြားခွင့်ပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

---

## ခြင်ယင်နှိမ်နင်း ရောဂါကင်း

■ မိုးလရာသီ ရောက်ချိန်ခါ
ခြင်/ယင် နှိမ်နင်းပါ
ကူးစက်ရောဂါ သယ်ဆောင်လှ
မနေးကာကွယ်ကြ ...။
■ ဖုံးအုပ်ထားမှ လုံခြုံတာ
ယင်မနားစေရာ
ဝမ်းပျက်စေမှာ သတိပြု
စဉ်မြဲ ရှောင်ကြဉ်ခု... ။
■ စုပေါင်းသန့်ရှင်း ရေမြောင်းတွေ
ရေစီးကောင်းမွန်စေ
ချုံနွယ်မှိုက်တွေ ရှင်းလင်းပေး
ရေတင်မကျန်ရေး... ။
■ သွေးလွန်တုပ်ကွေး သည်ရောဂါ
ကလေးဖြစ်များတာ
ဆေးခြင်ထောင်ကာ လုံခြုံဝတ်
စုပေါင်းတိုက်ဖျက်ပစ်... ။
■ ခြင်ယင်စဖြစ် လောက်လမ်းတွေ
အဘိတ်ဆေးခတ်လေ
ဖျားနာရင်လေ ဆေးခန်းသွား
အမြန်ကုသထား... ။
■ လိုက်နာမှတ်သား ကာကွယ်မည်
ကျန်းမာကြံ့ခိုင်ရည်
စုပေါင်းလို့ညီ တိုက်ဖျက်လို့
ခြင်ယင်နှိမ်နင်းစို့ ... ... ... ။

အေးရည်စိုး(ဘိုကလေး)

---

## ပန်းတိုင် သို့

○ ကိုယ်လိုရာ ပန်းတိုင်သို့
လျှောက်လှမ်းလို့ ခရီးနှင်၊
ဒုက္ခရယ် အခက်အခဲ
ကြံ့ခြံချိန်တွင်။
ပျင်းရိစိတ် ဖယ်ရှောင်ကြဉ်
ပျော်ရွှင်စွာ ကြိုးစားပြ၊
အမှားအမှန် သုံးသပ်ပါလို့
ဆုံးဖြတ်ချက်ချ။
○ ရှုံးနိမ့်သော် စိတ်ဓာတ်မကျနဲ့
စိတ်ဆန္ဒ ပြင်းပြစွာ၊
တစ်နေ့ဝယ် အောင်မြင်ခရီး
နီး၍လာမှာ။
မိမိဘဝ မိမိသာ
အားကိုးရာ မှတ်ကျောက်ထိုး။
ဖြည်းဖြည်းရယ် ပုံမှန်လုပ်
အားထုတ်ကာကြိုး။
○ လုပ်အားကို နှစ်ဆတိုး
ရိုးသားလို့ ကြိုးစားနေ၊
မလျှော့ပါ ဇွဲလုံ့လနဲ့
ဝီရိယစေ။
ဉာဏ်ကိုသုံး ဆန္ဒတွေ
မြားပမာလေ ပစ်မလွဲ၊
ဦးတည်ရာ ရှေ့ဆက်လှမ်း
ပန်းတိုင်ရောက်မြဲ။ ။

ချစ်သက်(မြန်မာစာ)

# နမ္မတီးမြို့ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကျင်းပ

မြစ်ကြီးနား မေ ၃၁

ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်ကျေးရွာများကို စွန့်ခွာ၍ မိုးကောင်းမြို့နယ် နမ္မတီးမြို့သို့ ယာယီတိမ်းရှောင်ခိုလှုံနေထိုင်လျက်ရှိသော ပြည်သူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပြည်နယ်အခမဲ့ဆေးဝါးကုသရေး ဖောင်ဒေးရှင်းက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နမ္မတီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း နေရပ်စွန့်ခွာပြည်သူများအား မိုးမကျမီ အမိုးအကာအောက် နေထိုင်နိုင်ရေးနှင့် စားသောက်မှု အဆင်ပြေစေရေး ကြိုးစား၍ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ လိုအပ်ချက်များကို အတူတကွ ဝိုင်းဝန်းပူးပေါင်းကြိုးစားရေးနှင့် စိတ်ဓာတ်ခွန်အားပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း အားပေးပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းနှင့် တာဝန်ရှိသူများက နမ္မတီးမြို့ရှိ အသင်းတော်အသီးသီးနှင့် ဆွေမျိုးနေအိမ်များတွင် ထပ်မံရောက်ရှိလာသော အိမ်ထောင်စု ၃၃၄ စုနှင့် ယခင်ရှိပြီးဖြစ်သည့် အိမ်ထောင်စု ၄၉၁ စု စုစုပေါင်း အိမ်ထောင်စု ၈၃၅ စုတို့အတွက် ဆန်အိတ် ၄၆၇ အိတ်၊ ဆီ ၃၄၄ ပိဿာနှင့် ကြက်အူချောင်းဖာ ၄၀၀ တို့အားလည်းကောင်း၊ ဟင်းသီးဟင်းရွက်မျိုးစေ့အိတ်များကိုလည်းကောင်း၊ ယာယီနေအိမ်အဆောက်အအုံ ဆောက်လုပ်သည့် နမ္မတီးသကြားစက်ပိုင် မြေနေရာအတွက် ငွေကျပ် ၅၈ သိန်းကိုလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ကအခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးကြသည့် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး အထူးကုကွင်းဆင်းဆေးကုသရေးအဖွဲ့နှင့် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းအတွက် ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း ပေးအပ်ခဲ့ပြီး အလှူရှင်များက ဖောင်ဒေးရှင်းနှင့် ယာယီတိမ်းရှောင်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်းမှုကို လက်ခံရယူခဲ့သည်။

ထို့နောက် ယာယီတိမ်းရှောင်ပြည်သူများ ကိုယ်စား စခန်းတာဝန်ခံများက လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က ပညာရေး၊ ကျန်းမာရေးနှင့် လိုအပ်ချက်များအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ယာယီခိုလှုံရာ စခန်းအတွက် ခြံဝင်းခတ်ပေးနိုင်ရေး ဝါးဖိုးအဖြစ် ငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားခဲ့သည်။

## ကြည့်ရှုအားပေး

ယင်းနောက် အဆိုပါ မြို့တော်ခန်းမအတွင်း မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး အထူးကုကွင်းဆင်းဆေးကုသရေးအဖွဲ့က အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်နယ်အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းနှင့် နမ္မတီးမြို့၊ ဟိုပင်မြို့တို့မှ လူမှုပရဟိတအသင်းအဖွဲ့များ၏ ကူညီမှုဖြင့် အိမ်ထောင်စုများ၏ မိသားစုဝင်များ၊ သက်ကြီးဘိုးဘွားများ၊ ကလေးများအား အထွေထွေရောဂါစစ်ဆေးကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ပေးအပ်ခြင်းတို့ ဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် မြသလွန်စေတီတော်မြတ်ကြီး လမ်းဘေးဝဲ/ယာတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မကွေး မေ ၃၁

မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များတွင် မြို့ရွာသန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် (စနေနေ့တိုင်း) စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး သန့်ရှင်းသာယာလှပမှုရှိစေရေးဌာနဆိုင်ရာများ ပူးပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်၍ ကြည့်ရှုအားပေးသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတ လူမှုအဖွဲ့အစည်းများ စုပေါင်း၍ မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး လမ်းဘေးဝဲ/ယာရှိ မြက်ပင်များ၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များကို အမှိုက်ကားများဖြင့် စနစ်တကျ သိမ်းဆည်းခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့ကြသည်။ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများအား အချိုရည်၊ မုန့်၊ စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွားမှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -


မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း


မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း


မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း


ထီးရွက်အောက်ပါးဟက်များဖြူခြင်း


မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း


အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ** - မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ် မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ကျားမျိုးစိတ်များမှ မျိုးစိတ်နှစ်မျိုး မြန်မာနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် ရှင်သန်ကျက်စားနေ

**ရန်ကုန်　မေ　၃၁**

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၃ နိုင်ငံတွင် ကျားမျိုးစိတ် ကိုးမျိုး ရှင်သန်ကျက်စားလျက်ရှိပြီး အဆိုပါကျားမျိုးစိတ်တို့တွင် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ကျားမျိုးစိတ်နှစ်မျိုးသည် မြန်မာပြည်မြောက်ပိုင်း ထမံသီဘေးမဲ့တောနှင့် မြန်မာပြည်တောင်ပိုင်း တနင်္သာရီသဘာဝကြိုးဝိုင်းတို့တွင် ရှင်သန်ကျက်စားနေကြောင်း သိရသည်။

ကျားမျိုးစိတ်နှစ်မျိုးဖြစ်သည့် ဘင်္ဂလားကျားသည် ဟူးကောင်းချိုင့်ဝှမ်းနှင့် ထမံသီဘေးမဲ့တောတွင် ရှင်သန်ကျက်စားနေပြီး ဘင်္ဂလားကျားသည် အောက်ခံညိုဝါရောင်ပေါ်၌ အနက်ရောင်အစင်းများ ထင်ရှားစွာရှိ၍ နားရွက်ပေါ်တွင် အဖြူအစက်များပါရှိကာ သန်မာထွားကြိုင်းသော လက်ဖဝါးတွင် ချွန်ထက်သန်မာသော ခြေသည်းလက်သည်းများဖြင့် အစာကွင်းဆက်အမြင့်ဆုံး မျိုးဆက်အဖြစ် လှည့်လည်ကျက်စားလျက်ရှိသည်။



"မြန်မာနိုင်ငံရဲ့ တောင်ပိုင်းနဲ့မြောက်ပိုင်းမှာ ကမ္ဘာပေါ်မှာမျိုးသုဉ်းဖို့ အန္တရာယ်ရှိနေတဲ့ ကျားမျိုးစိတ်နှစ်မျိုး ရှင်သန်ကျက်စားနေတာဟာ နိုင်ငံအတွက် ဝမ်းသာဂုဏ်ယူစရာပါ။ မြန်မာနိုင်ငံရဲ့ ဇီဝမျိုးစုံမျိုးကွဲတွေနဲ့ ဂေဟဗေဒစနစ် ရှင်သန်ကြွယ်မှုကို ပြသနေတာဖြစ်တဲ့အတွက် ကျားမျိုးစိတ်တွေ ပျောက်ကွယ်မှုမရှိအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းပြီး ပညာပေးလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်ဖို့ လိုပါတယ်။ ထမံသီဘေးမဲ့တောထဲမှာ ဘင်္ဂလားကျား ၂၂ ကောင်နီးပါး ကျက်စားနေတယ်လို့ မှတ်တမ်းထားရှိပါတယ်"ဟု ထမံသီဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးဖွဲ့စည်းခဲ့သော သဘာဝကြိုးဝိုင်းတစ်ခုဖြစ်ပြီး အပူပိုင်းမုတ်သုံမိုးသစ်တောဖြစ်၍ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝလျက်ရှိရာ သဘာဝကြိုးဝိုင်းအတွင်း အင်ဒိုချိုင်းနားကျားမျိုးစိတ်များ ရှင်သန်ကျက်စားနေထိုင်မှုကို ကင်မရာထောင်ချောက်မှတ်တမ်းဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အင်ဒိုချိုင်းနားကျားမျိုးစိတ်သည် ဘင်္ဂလားကျားထက် အရွယ်အစားအနည်းငယ် ငယ်ရွယ်ပြီး အရောင်အသွေးပိုရင့်ကြောင်း သိရသည်။

"တစ်နိုင်ငံလုံးက သစ်တောတွေမှာရှိတဲ့ ကျားကောင်ရေထဲမှာ သဘာဝကြိုးဝိုင်းဧရိယာထဲက ၁၀ ရာခိုင်နှုန်းပဲ ကျားကောင်ရေစာရင်း ကောက်ယူနိုင်တဲ့ အနေအထားရှိပါတယ်။ တနင်္သာရီသဘာဝကြိုးဝိုင်းထဲမှာ အင်ဒိုချိုင်းနားကျား ကောင်ရေ ၂၀ ကျော် ရှင်သန်နေတယ်လို့ အမျိုးသားအဆင့် ကျားထိန်းသိမ်းရေးလုပ်ငန်းစီမံချက် (National Tiger Action Plan) မှာ ဖော်ပြထားပါတယ်"ဟု တနင်္သာရီသဘာဝကြိုးဝိုင်း ဦးစီးအရာရှိ ဦးငြိမ်းအောင်က ပြောသည်။

ကမ္ဘာ့ကျားအရေအတွက် စုစုပေါင်း၏ ၄ ပုံ ၃ ပုံသည် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ကျက်စားလျက်ရှိပြီး မြန်မာနိုင်ငံတွင် ကျားများနှစ်ဆတိုးပွား (Tiger Times Two)ဟူသော ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့ကျားကောင်ရေ နှစ်ဆတိုးပွားစေရန် အမျိုးသားအဆင့် ကျားထိန်းသိမ်းရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် လုပ်ဆောင်ခဲ့ရာ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏ လေ့လာခန့်မှန်းချက်အရ မြန်မာနိုင်ငံ၌ ကျားကောင်ရေ ၃၅ ကောင်မှ ၇၀ အထိ ရှိနိုင်ကြောင်း သုံးသပ်ထားသည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၂၁ ရက်နေ့က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ မစ္စတာရောဘတ်ဇိုးလစ်တို့ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် "အပြည်ပြည်ဆိုင်ရာ ကျားမျိုးထိန်းသိမ်းစောင့်ရှောက်ရေးဖိုရမ်"ကို ဦးဆောင်ကျင်းပခဲ့ပြီး ကျားမျိုးဆက်ထိန်းသိမ်းရေးလုပ်ငန်းကို မြန်မာနိုင်ငံနှင့်အတူ ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် မြန်မာ၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘူတန်၊ နီပေါ၊ လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ ကျားမျိုးစိတ်များ ရှင်သန်ကျက်စားနေကြောင်း သိရသည်။

**သတင်း – အောင်သန်းဦး**
**ဓာတ်ပုံ – ဇွဲမာန်**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

"မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ"

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော နေ့အချိန်တွင်ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကြိုတင်ကာကွယ်၍ရသောရောဂါဖြစ်ပါသည်။

မိုးရာသီတွင် ခြင်ကျားလောက်လမ်း အများဆုံးပေါက်ပွားခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားရခြင်း ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်ပွားနိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများတွင်ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားပါသည်။

ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံအဆင့်ဆင့်ဖြစ်သည့် ( ဥ → ပိုးလောက်လမ်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်မှာ (၈) ရက်မှ (၁၀)ရက်ခန့်အထိ ကြာမြင့်ပါသည်။ ထို့ကြောင့် မိမိအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တွင် (၁)ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ခြင်ကျားလောက်လမ်း ရှာဖွေပြီး လောက်လမ်း ပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်စသဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ခြင်ကျားလောက်လမ်း မရှိလျှင် ခြင်ကျားပေါက်ပွားမှုလည်း မရှိသည့်အတွက် ခြင်ကျားကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မည် မဟုတ်ပါ။




၂၀၂၅ခုနှစ်၊ မေလ



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

"မိုးရာသီကာလအတွင်း အဖြစ်များသည့် ရာသီတုပ်ကွေးရောဂါ မိမိကစ၍ကာကွယ်ပါ"

ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး အသက်ရှုလမ်းကြောင်းမှ တစ်ဆင့် ကူးစက်နိုင်ပါသည်။

ရာသီတုပ်ကွေးရောဂါ၏လက္ခဏာများမှာ-

ဖျားခြင်း၊ နှာချေခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အစားအသောက်ပျက်ခြင်း တို့ဖြစ်ပါသည်။

ကာကွယ်နိုင်မည့်နည်းလမ်းများ-

- နှာချေတိုင်း၊ ချောင်းဆိုးတိုင်းပါးစပ်နှင့် နှာခေါင်းကိုလုံအောင်အုပ်ပါ၊
- နှာချေ၊ ချောင်းဆိုးပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း လက်ကို ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောပါ သို့မဟုတ် အယ်ကိုဟောလ်အနည်းဆုံး (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ၊
- အိမ်အပြင်ထွက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို စနစ်တကျဆေးခြင်း၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေထိုင်ခြင်း၊ လူစုလူဝေးရှောင်ကြဉ်ခြင်း၊ အလုံပိတ်အခန်းများ/ လေဝင်လေထွက် မကောင်းသည့်အခန်းများတွင် နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်းစသည့်နည်းလမ်းများဖြင့်လည်း ရာသီတုပ်ကွေးရောဂါကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်၊
- လုံလောက်စွာအနားယူပြီးအာဟာရပြည့်ဝသည့်အစားအစာများစားသုံးပါ၊ အိပ်ရေးဝအောင်အိပ်ပါ၊
- ရာသီတုပ်ကွေးရောဂါကို ပြင်းထန်စွာခံစားရနိုင်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် ရောဂါကူးစက်မှုခံရနိုင်ခြေ များပြားသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံမှုကိုနှစ်စဉ်ခံယူပါ။

ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက နီးစပ်ရာဆေးရုံ၊ဆေးခန်းများနှင့် ကျန်းမာရေးဌာနများတွင် စောစီးစွာကုသမှုခံယူပါ။

၂၀၂၅ ခုနှစ်၊ မေလ

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



**မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်းသိကောင်းစရာ**

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည်

ဝမ်းရောဂါဖြစ်ပွားစေသော ပိုးများပါရှိသည့်



မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှ တစ်ဆင့် ကူးစက်ဖြစ်ပွားစေပါသည်။

**ရာသီမရွေး ဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။

## ရောဂါပိုးကူးစက်ပုံ

**ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင် ရှိနေသော ရောဂါပိုးများသည်

⇒ ယင်ကောင်မှတစ်ဆင့်လည်းကောင်း
⇒ မသန့်ရှင်းသောလက် စသည်တို့မှလည်းကောင်း
⇒ အစားအစာ၊ သောက်သုံးရေများအတွင်းသို့ ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း ၊ အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)

တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါ ဆက်လက်ကူးစက်စေပါသည်။

## ရောဂါလက္ခဏာများမှာ

- အရည်ဝမ်းများစွာ သွားခြင်း
- ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း
- အော့အန်ခြင်း
- နှလုံးခုန်နှုန်းမြန်ခြင်း
- အရေပြား၏ ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း
- မျက်တွင်းချိုင့်ဝင်ခြင်း
- ခံတွင်း/လျှာနှင့် နှုတ်ခမ်းများ ခြောက်သွေ့ခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း

ဝမ်းလျှောရောဂါ ပြင်းထန်သောအခါ ခန္ဓာကိုယ်အတွင်းမှ ရေနှင့် ဓာတ်ဆားများ လျင်မြန်စွာ ကုန်ခန်းသွားသောကြောင့် အရည်ခန်းခြောက်ခြင်းကို ဖြစ်စေသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက အသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာ ကျန်းမာရေးဌာန/ဆေးရုံဆေးခန်းများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှု ခံယူပါ။**

## ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများမှာ

- အောက်ပါအခြေအနေများတွင် လက်ကိုစနစ်တကျ စင်ကြယ်စွာဆေးကြောပါ -
  * အစာမစားမီနှင့် အစားအစာ မပြင်ဆင်မီအချိန်တိုင်း
  * အညစ်အကြေးနှင့် အမှိုက်များကိုင်တွယ်ပြီးချိန်တိုင်း
  * အိမ်သာမှ ဆင်းချိန်တိုင်း





- ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
- အစားအစာများကို ကျက်အောင် ချက်ပြီးမှ စားသုံးပါ။



- အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။



- ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ပါ။



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားနေရပါက (သို့) အော့အန်နေပါကလျင်မြန်စွာ ရေဓာတ်ပြန်ဖြည့်ရန် ဓာတ်ဆားရည် သောက်ပါ။

**ဆေးရုံ ဆေးခန်းသို့** သွားရောက်ရန် ဆောင်ရွက်စဉ် ဓာတ်ဆားရည်ကိုသောက်ပါ။

### ဓာတ်ဆားရည် ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။
→ ဓာတ်ဆားထုတ်တွင်ပါဝင်သော အသုံးပြုသက်တမ်း ကုန်ဆုံးရက်ကို စစ်ဆေးပါ။ သက်တမ်းကုန်ဆုံးပါက အသုံးမပြုပါနှင့်။
→ ဓာတ်ဆားထုတ် (ORS) ၁ ထုပ်နှင့် ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာကို သန့်ရှင်းသော ဘူး/ခွက် ထဲသို့ ထည့်၍ဖျော်ပါ။
→ ဖျော်ထားသော ဓာတ်ဆားရည်ကို (၂၄)နာရီအတွင်း ကုန်အောင်သောက်ပါ။ (၂၄)နာရီကျော်ပါက မသောက်သုံးသင့်ပါ။
→ ဓာတ်ဆားဖျော်ရာတွင် သကြား၊ ဆားနှင့် အခြားသော အရည်များ ထပ်မထည့်ရပါ။

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

အကယ်၍ ဓာတ်ဆားထုပ် (ORS) မရှိခဲ့ပါက အောက်ပါ နည်းအတိုင်း မိမိအိမ်မှာပင် ဆားနှင့် သကြား အသုံးပြုပြီး ဖျော်နိုင်ပါသည်။

### အိမ်တွင်း ဓာတ်ဆားရည် ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။
→ ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာနှင့် လက်ဖက်စားဇွန်းဖြင့်
  ⇒ သကြား (၈)ဇွန်း
  ⇒ ဆား (၁) ဇွန်း ထည့်ပြီး ဖျော်ပါ။

**ရောဂါပြင်းထန်ပြီး အသက်ဆုံးရှုံးမှုအား ကာကွယ်နိုင်ရန် ကျန်းမာရေးဌာန / ဆေးရုံဆေးခန်းများတွင် အချိန်မီ ဆေးကုသမှု ခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၅ ခုနှစ်၊ မေလ)

# ၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးလှေလှော်အသင်းအား ဂုဏ်ပြုကြိုဆို

ပုသိမ် မေ ၃၁

၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသား တံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိခဲ့သည့် အောင်ပွဲရဧရာဝတီတိုင်းဒေသကြီး လှေလှော်အသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်း အနားကို ယမန်နေ့ညနေပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါ ခန်းမတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာန ဆိုင်ရာများ၊ အောင်ပွဲရ အားကစားသမားများ တက်ရောက်ခဲ့ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့်၎င်းတို့၏ဇနီး များ၊ ဌာနဆိုင်ရာများက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ ရှေ့တွင် ၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တံခွန် စိုက်ဆုဖလားရရှိခဲ့သည့် အောင်ပွဲရ ဧရာဝတီတိုင်း ဒေသကြီးလှေလှော်အသင်းအား ဂုဏ်ပြုကြိုဆို ခဲ့ကြသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲမှရရှိခဲ့သည့် အမျိုးသားတံခွန်စိုက်ဆု ဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားတို့အား တာဝန်ရှိသူများက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ အပ်နှံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုတံဆိပ် များရရှိအောင် ဆောင်ရွက်ပေးကြသော ဧရာဝတီ တိုင်းဒေသကြီး လှေလှော်အသင်းမှ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ အားကစား မောင်မယ်များအနေဖြင့်အားကစားစိတ်ဓာတ်အပြည့် ဖြင့် ယှဉ်ပြိုင်အနိုင်ယူခဲ့ကြသည့်အတွက် ချီးကျူး ဂုဏ်ပြုပါကြောင်းနှင့် တိုင်းဒေသကြီးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြစေလိုကြောင်း ဂုဏ်ပြု အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေတံဆိပ်ဆုလေးခုအတွက် ဂုဏ်ပြုဆုငွေကျပ် သိန်း ၁၂၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ ငွေတံဆိပ်ဆုလေးခုအတွက် ဂုဏ်ပြုဆုငွေကျပ် သိန်း ၆၀ နှင့်ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း ပေးအပ် ချီးမြှင့်ရာ အောင်ပွဲရအားကစားသမားများကိုယ်စား အားကစားသမားများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လှေလှော် နည်းပြချုပ်က ကျေးဇူးတင်စကားပြောကြားပြီး ၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး လှေလှော် ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တံခွန်စိုက်ဆုဖလား ရရှိခဲ့သည့် အောင်ပွဲရ ဧရာဝတီတိုင်းဒေသကြီး လှေလှော်အသင်းအား ဂုဏ်ပြုစားသောက်ဖွယ်ရာ များဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။ ၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားရှစ်မျိုး ထည့်သွင်းကျင်းပခဲ့ပြီး အဆိုပါ ပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီး လှေလှော် အသင်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်လေးခုရရှိခဲ့ပြီး အမျိုးသားတံခွန်စိုက် ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားတို့ကို ရရှိခဲ့ခြင်းဖြစ်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၇၂) နှစ်မြောက် နိုင်ငံတကာဧဝရက်တောင်နေ့ အခမ်းအနားကျင်းပ မြန်မာနိုင်ငံမှ တောင်တက်အားကစားသမား နှစ်ဦးကိုဂုဏ်ပြု

ရန်ကုန် မေ ၃၁

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင် ထိပ်သို့ လူသားများတက်ရောက် နိုင်ခဲ့သည့် (၇၂) နှစ်ပြည့်အခမ်း အနားကိုမြန်မာနိုင်ငံဆိုင်ရာနီပေါ သံရုံးကကြီးမှူး၍ မေ ၂၉ ရက်က ဗိုလ်ချုပ် အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ပြုလုပ်ရာ ရန်ကုန်မြို့ရှိသံရုံးများမှသံတမန် များ၊ ဖိတ်ကြားထားသည့်ဧည့်သည် တော်များတက်ရောက်ကြသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံ ဆိုင်ရာနီပေါသံအမတ်ကြီး H.E. Harishchandra Ghimire က ကြိုဆိုနှုတ်ခွန်းဆက်စကားပြော ကြားသည်။

ထို့နောက် ၂၀၁၆ ခုနှစ် မေလ ၁၉ ရက်နေ့တွင် အမြင့် ၈၈၄၉ မီတာရှိ ကမ္ဘာ့အမြင့်ဆုံးဧဝရက် တောင်ထိပ်တွင် မြန်မာနိုင်ငံအလံ တော်ကိုလွှင့်ထူနိုင်ခဲ့သည့် တောင် တက်အားကစားသမား ပြည့်ဖြိုး အောင်နှင့်ဝင်းကိုကိုတို့က ဧဝရက် တောင်တက်ခရီးစဉ်အတွေ့အကြုံ များကို ရှင်းလင်းပြောကြားကြ သည်။

ယင်းနောက် နီပေါသံအမတ် ကြီးက မြန်မာနိုင်ငံသား တောင် တက် အားကစားသမား နှစ်ဦး အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

လွန်ခဲ့သည့် ၇၂ နှစ်က ကမ္ဘာ့ အမြင့်ဆုံးဧဝရက်တောင်ထိပ်သို့ နယူးဇီလန်နိုင်ငံသား Sir Edmund Hillary နှင့် နီပေါနိုင်ငံသား Tenzing Norgay တို့ပထမဦးဆုံး တက်ရောက်နိုင်ခဲ့သည့် နေ့ကို နိုင်ငံတကာဧဝရက်တောင်နေ့ အဖြစ်သတ်မှတ်ကြသည်။

မြန်မာနိုင်ငံသည် အရှေ့တောင် အာရှတွင်ရေခဲတောင်များပိုင်ဆိုင် သည့်တစ်ခုတည်းသောနိုင်ငံဖြစ် ကြောင်း သိရသည်။ **မျိုးမင်းသူရ**


## ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ ဒိုက်ဦးမြို့နယ်အတွင်းကွင်းဆင်းဆေးကုသ

ပဲခူး မေ ၃၁

ပဲခူးမြို့ခုတင်(၅၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် မေ ၃၁ ရက် နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် ဖောင်တော်သီ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ ရဟန်း၊ ရှင်၊ လူပြည်သူများအား ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

ကွင်းဆင်းဆေးကုသမှုပြုလုပ်ရာသို့ ပဲခူးတိုင်းဒေသကြီးပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းထွန်း၊ ပဲခူးမြို့ခုတင်(၅၀၀)ဆံ့အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာ သန္တာဆွေ၊ ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးဒေါက်တာမြတ်စိုး၊ ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များဖြည့် ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ကွင်းဆင်းဆေးကုသမှုများပြုလုပ်ပေးရာတွင် ရဟန်း၊ရှင်၊လူ စုစုပေါင်း ၄၁၀ လာရောက်ပြသကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေး ကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်း နှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ် မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန် ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေ ရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအားကြိုတင်ပြင်ဆင်ထားပါရန် နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့် နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင် ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်း ထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှု သတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီ တောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း မိမိတို့၏တပည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစည်းကမ်းလိုက်နာခြင်းကအစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း များကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် ကိုယ်တိုင်လေ့လာတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် လေ့ကျင့်ပေးသွားကြရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ် သင်တန်း အမှတ်စဉ်(၆) မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မြန်မာ ယူ-၂၂ အသင်းနှင့် တရုတ် ယူ-၂၂ အသင်း ခြေစမ်းပွဲကစားမည်

ရန်ကုန် မေ ၃၁

ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌လေ့ကျင့်နေသည့် မြန်မာ ယူ-၂၂ အသင်းသည် တရုတ် ယူ-၂၂ အသင်းနှင့် ဇွန် ၁ ရက်တွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် မေ ၃၁ ရက်မှ ဇွန် ၄ ရက်အထိ တရုတ်နိုင်ငံ၌ လေ့ကျင့်လျက်ရှိပြီး ဇွန် ၁ ရက်နှင့် ၄ ရက်တို့တွင် တရုတ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲသုံးခုအတွက် ပဏာမကစားသမား ၃၀ ကျော်ဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ယခုခရီးစဉ်သို့ ကစားသမား ၂၄ ဦး ခေါ်ဆောင်သွားသည်။ မြန်မာ ယူ-၂၂ အသင်းသည် မတ်လနိုင်ငံတကာရက်သတ္တပတ်တွင် ဟောင်ကောင် ယူ-၂၂ အသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲနှစ်ပွဲကစားရာ နှစ်ပွဲစလုံး သရေကျခဲ့သည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ☆

## အယ်လ်အစ်တီဟက်အသင်း ဆော်ဒီဘုရင့်ဖလား(၁၀)ကြိမ်မြောက် ဆွတ်ခူးရရှိ



အယ်လ်အစ်တီဟက်အသင်း ဆော်ဒီဘုရင့်ဖလားနှင့်အတူ အောင်ပွဲခံစဉ်။

တိုက်စစ်မှူး ဘင်ဇီမာပါဝင်ကစားနေတဲ့ ဆော်ဒီကလပ် အယ်လ်အစ်တီဟက်အသင်းဟာ ဆော်ဒီဘုရင့်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အယ်လ်အစ်တီဟက်အသင်းဟာ မေ ၃၁ ရက်နံနက်ပိုင်းက အယ်လ်ကာဆီဟာ အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဆော်ဒီဘုရင့်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ကာ ချန်ပီယံအသင်းအဖြစ် အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အယ်လ်အစ်တီဟက်အသင်းအတွက် အနိုင်ဂိုးတွေကို

စာမျက်နှာ ၂၆ ကော်လံ ၃ သို့ ❂

## MNL ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံးမှ ဒဂုံစတားနှင့် အား/ကာသိပ္ပံအသင်း သရေကျ

ရန်ကုန် မေ ၃၁

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) ဒုတိယနေ့ကို မေ ၃၁ ရက်က ဆက်လက်ကျင်းပရာ ထိပ်ဆုံးမှ ဒဂုံစတားယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ သရေကျပြီး ရခိုင်ယူနိုက်တက်အသင်း နိုင်ပွဲရခဲ့သည်။

စာမျက်နှာ ၂၆ ကော်လံ ၃ သို့ ❖



အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

**ယနေ့ ဖတ်စရာ**


**နိုင်ဂျီးရီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွား၊ အနည်းဆုံး ၂၁ ဦး သေဆုံး**
စာမျက်နှာ » ၁၃

**ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ကျားမျိုးစိတ်များမှ မျိုးစိတ်နှစ်မျိုး မြန်မာနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် ရှင်သန်ကျက်စားနေ**
စာမျက်နှာ » ၂၃

**(၇၂)နှစ်မြောက် နိုင်ငံတကာဝေရက်တောင်နေ့ အခမ်းအနားကျင်းပ၊ မြန်မာနိုင်ငံမှ တောင်တက်အားကစားသမား နှစ်ဦးကို ဂုဏ်ပြု**
စာမျက်နှာ » ၂၅

MFF **ယူ-၁၉ လူငယ်လိဂ် ဖူဆယ်ပြိုင်ပွဲတွင်** Winner Soccer **အသင်း အမှတ်ဖြစ်ဦးဆောင်**
စာမျက်နှာ » ၂၆